မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၉၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၁)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာမွန်း၊ အဗ္ဗဒူလ်ဂါယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လားရှိုးမြို့ အဘယသုခသိမ်တော်၊ ဇေယျသုခမင်္ဂလာနှစ်ထပ်ကျောင်းဆောင်နှင့် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးတို့ ရေစက်ချမင်္ဂလာအခမ်းအနား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကုန်းတော်ပေါ်ရှိ အဘယသုခသိမ်တော်၊ ဇေယျသုခ မင်္ဂလာနှစ်ထပ်ကျောင်းဆောင်နှင့် သုခမင်္ဂလာ ဆင်းရွှေလီသာသနာ့ဗိမာန်တော်ကြီးတို့ ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် သုခမင်္ဂလာ ဆင်းရွှေလီသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့

စာမျက်နှာ ၆ ကော်လံ ၁ ✻



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆားများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အဘယသုခသိမ်တော်၌ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ (ဇူလိုင် ၂၆ ရက်)

နေပြည်တော်	နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။
ရန်ကုန်	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
မန္တလေး	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

သားငါးကဏ္ဍမှ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်း

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိကြသည်။ ငါးမွေးမြူရေးလုပ်ငန်းတွင် ငါးသားပေါက် ထုတ်လုပ်ရေးသည် တိုက်ရိုက်အထောက်အကူပြုသကဲ့သို့ ငါးမျိုးစိုက်ထည့်ရေးသည် ငါးပိုမို ထွက်ရှိရေးအတွက် အရေးပါသော လုပ်ငန်းတစ်ခု ဖြစ်သည်။

ငါးမွေးမြူထုတ်လုပ်သူများအနေဖြင့် ဒေသရှိ မြစ်ချောင်းများအတွင်း ငါးမျိုးကောင်း မျိုးသန့်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ငါး၊ ပုစွန်များ ပြုန်းတီးမသွားစေရေး အတွက်လည်း ငါး၊ပုစွန် ဖမ်းဆီးခြင်းများကို စနစ်တကျ ကြီးကြပ်ထိန်းသိမ်းသွားကြရမည် ဖြစ်သည်။

မိုးဖြိုင်ဖြိုင်ရွာတတ်သော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်းအင်းအိုင်များ၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများ၊ ရေချိုပုစွန်တုပ်ကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ခြင်း၊ ဥချခြင်းများ ပြုလုပ်ကြသည်။ ယင်းသို့ ဥကပ်နေသော ရာသီချိန်နှင့် ငါးရစ်၊ ငါးသန်ရာသီချိန်တို့တွင် ငါး၊ပုစွန်များ ဖမ်းဆီးခြင်းမပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနက ပညာပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားသည်။

ထို့အပြင် မြန်မာ့ပင်လယ်ပြင်အတွင်းရှိ ငါး၊ပုစွန် သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းသည့်အနေဖြင့် ငါး၊ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သည့် ဇွန်လ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ရှိ တားမြစ်ထားသော ငါးဖမ်းကွက်နှင့် ရေပြင်တို့တွင် ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးဖမ်းဆီးမှုမပြုကြရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာများ ထုတ်ပြန်ထားသည်။

နိုင်ငံတော်က သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၀၆–၂၀၀၇ခုနှစ်အတွင်း သားငါးကဏ္ဍ ပြည်ပပို့ကုန်အဖြစ် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် တိုးတက်ရှာဖွေရေး မျှော်မှန်းကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် ရေချိုရေငန် ငါး၊ ပုစွန် သယံဇာတကြွယ်ဝမှုကို ရယူသုံးစွဲ၍ စနစ်တကျလုပ်ကိုင်ခြင်းဖြင့် သားငါးကဏ္ဍ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းသွားကြရမည်ဖြစ်ပေသည်။ ။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-Heum လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-Heum သည် ယမန်နေ့ညနေ ၃ နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချောက်–မကွေး–တောင်တွင်းကြီးလမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းစစ်ဆေး၊ ဘွက်ကြီးတံတားလုပ်ငန်းခွင်ကြည့်ရှု

ရန်ကုန် ဇူလိုင် ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၂၃ ရက်က ယောချောင်းတံတား(ကံတွင်း)မှ ချောက်–မကွေး–တောင်တွင်းကြီး လမ်းတစ်လျှောက်ရှိ လမ်း၊တံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်–ပြည်–မန္တလေးလမ်း မိုင်တိုင် ၃၀၀/၁ ၌ ကိုးပင်–စမ်းမကြီး–သစ်ရာကောက် ဖြတ်လမ်းကို လည်းကောင်း၊ အဆိုပါလမ်း မိုင်တိုင် ၁/၄ ၌ မကွေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ဒု–အခြေခံအလွှာ ဒုထပ် ကိုးလက်မဒု ကျောက်ခင်းကြိတ်ခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

လိုအပ်ချက်များဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင် ၂၁၁/၇ ရှိ ဘွက်ကြီး တံတားလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သူက ဘိုးပိုင်အုတ်မြစ်တူးခြင်း လုပ်ငန်း၊ ကြမ်းခင်းရက်မတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိန်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဝန်ကြီးကလိုအပ်သည်များကို မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယခု တည်ဆောက်နေသည့်ဘွက်ကြီးတံတားအသစ်မှာ လွန်တူးဘိုးပိုင်၊ အုတ်မြစ်၊ သံကူကွန်ကရစ် ရက်မနှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မ တို့ဖြင့် တည်ဆောက်မည့် တံတားဖြစ်ပြီး ပင်မတံတားအရှည် ပေ၆၀၀၊ ချဉ်းကပ်တံတားပြည်ဘက်ကမ်း ပေ၆၅၀နှင့် အောင်လံဘက်ကမ်း ပေ၅၂၀ ရှိ၍ စုစုပေါင်းအရှည် ပေ ၁၇၇၀ ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေနှင့် လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင်(သုံးပေစီ နှစ်ဖက်ပါရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အာမခံလုပ်ငန်းဌာနတွင်းအာမခံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ဌာနတွင်း အာမခံသင်တန်း အမှတ်စဉ်(၁၄/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်ရုံးများနှင့် ရုံးချုပ်တို့မှ သင်တန်းသားဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းသား စုစုပေါင်း ၆၀ တို့အား ရက်သတ္တ သုံးပတ်ကြာ သင်တန်းပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၆–၇–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၀၀ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနဲ့ အိမ်ကလေး”** (အပိုင်း–၅၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၇–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ သွေးတိုးရောဂါနှင့် တိုင်းရင်းဆေးပညာ
၇:၁၅ တေးဂီတအစီအစဉ်
၇:၂၀ ပြည်တွင်းသတင်းအကျဉ်း
၇:၃၀ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၇:၅၀ တေးဂီတအစီအစဉ်
၇:၅၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ငါးမုတ်ကြော်နှပ်ချက်)
၈:၁၀ တေးဂီတအစီအစဉ်
၈:၁၅ ခြံတွင်းဥယျာဉ်စိုက်ပျိုးမှု အနုပညာ
၈:၂၅ နိုင်ငံတကာ သတင်းအကျဉ်း
၈:၃၀ ယဉ်ကျေးမှုတက္ကသိုလ် (ဂီတဌာန)
၈:၄၅ တေးဂီတအစီအစဉ်
၈:၅၀ ပုံရိပ်ဖမ်းစားခတ်ပုံ အနုပညာသည်များ (ဝဏ္ဏခွာနီး)
၉:၂၀ တေးဂီတအစီအစဉ်
၉:၃၅ အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စက်မှုဒီဇိုင်း)
၉:၄၀ မိုးလေဝသခန့်မှန်းချက်
၉:၄၅ ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း–၁)
၁၀:၀၅ နိုင်ငံတကာအနုပညာရေးရာ
၁၀:၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀ Myanmar Video Rhythm
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅ Printing Industry & Color Separation အကြောင်း သိကောင်းစရာ
၁၁:၄၅ တေးဂီတအစီအစဉ်
၁၁:၅၀ အရေးကြီးလို့ပါ (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ)
၁၁:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀ MRTV-4 အပိတ် Logo

၁၉။ English Usage
၂၀။ ဗီစီဒီကျော်ကြားတေးများ
၂၁။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **“မဟာဂန္ဓာရုံမှာ ဆရာဒကာညီညွတ်စွာ”**
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လက်မတင်ကလေး”** (အပိုင်း–၁၉)

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

✡ ကျောဖုံးမှ

လက်ခံတွေ့ဆုံ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင်အဖွဲ့ရုံး သံအမတ်ကြီး H.E. Mr Friedrich Hamburger အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာပေရန်ပုံငွေ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် စာပေရန်ပုံငွေအဖြစ် ငွေပဒေသာပင်စိုက်ထူ၍ စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာများအတွက် နာမကျန်းထောက်ပံ့ငွေနှင့် နာရေးကူညီငွေများကို ကူညီထောက်ပံ့လျက်ရှိသည်။

၁၉၉၈ခုနှစ်မှစ၍ ၂၀–၇–၂၀၀၆ရက်အထိ စာပေရန်ပုံငွေမှ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ၅၄၀အား နာမကျန်းထောက်ပံ့ငွေ ကျပ်၈၄သိန်းခန့်နှင့် စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာ၃၃၁ဦးအတွက် နာရေးကူညီငွေကျပ် ၁၈သိန်းကျော် စုစုပေါင်းငွေကျပ် ၁၀၂သိန်း ကူညီထောက်ပံ့ပြီးဖြစ်သည်။

ဆက်လက်၍နာမကျန်းထောက်ပံ့ငွေနှင့် နာရေးကူညီငွေများကို စနစ်တကျ တိုးမြှင့်ကူညီထောက်ပံ့ပေးရန် စီစဉ်လျက်ရှိပါသဖြင့် စာပေရန်ပုံငွေသို့ စာပေဝါသနာရှင်၊ စေတနာရှင်များက အလှူငွေလှူဒါန်းကြရန်နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ် အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၄၁၇နှင့် ၃၈၅၂၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရမည် ဦးတည်ချက်အောင်မြင်ရေး ဝန်ထမ်းများနှင့်တပ်ရင်းတပ်ဖွဲ့များ စံနမူနာပြအဖြစ်စိုက်ပျိုးဆောင်ရွက် နွားနောက်များစာရင်းပြုစုပြီး မျိုးကောင်းမျိုးသန့်ရွေးချယ်မွေးမြူ

နေပြည်တော် ဇူလိုင် ၂၅

ချင်းပြည်နယ် မတူပီမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင်၂၂ရက် နံနက်ပိုင်းတွင် မတူပီမြို့နယ် ဖနိုင်ကျေးရွာရှိ မြို့နယ်နွားနောက်မွေးမြူရေးစခန်း အမှတ်(၂)သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းမော်က မတူပီမြို့နယ် နွားနောက်မွေးမြူရေးစခန်း အမှတ်(၁)ခြန်းပြန့်ကျေးရွာစခန်းနှင့် အမှတ်(၂)ဖနိုင်ကျေးရွာစခန်းတို့၌ နွားနောက်မွေးမြူထားရှိမှု အခြေအနေ၊ မတူပီမြို့၌ မူလနွားနောက်ကောင်ရေ ၄၅၄၉ကောင်မှ ၅၁၂၆ကောင်အထိ၊ ရေဇွာမြို့၌ မူလ ၁၈၄၁ ကောင်မှ ၂၃၄၈ကောင်အထိ တိုးတက်မွေးမြူမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လက်ဖက်စိုက်ခင်း ၁၉ ဧက၌ လက်ဖက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရွေးချယ်မွေးမြူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နွားနောက်မွေးမြူရေးနှင့် ပတ်သက်၍ စာရင်းဇယားများကို တိကျမှန်ကန်စွာ ပြုစုထားရှိ တင်ပြရေး၊ ယခင်က မှာကြားခဲ့သော နွားနောက်များကို မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ လက်ဖက် ၃၁ ဧက စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်မှူးကြီးရဲလွင်က တပ်ရင်းအနေဖြင့် လက်ဖက်၅၃ဧက စိုက်ပျိုးပြီးစီးမှုနှင့် စိုက်ဧက ၁၀၀ ပြည့်မီအောင် လက်ဖက် ပျိုးပင်ပေါင်း ၁၃၅၀၀၀ ပျိုးထောင်ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဆန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထိရောက်စွာစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လက်ဖက် စိုက်ခင်းများကို မျက်ခြည် မပြတ် ပြုစုစောင့်ရှောက်စိုက်ပျိုးသွားရေး၊ ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ် ဖြစ်ရမည်ဟူသော ဦးတည်ချက်အောင်မြင်အောင်နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များက စံနမူနာပြအဖြစ် ထိရောက်စွာ စိုက်ပျိုးသွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မတူပီ–ရေဇွာလမ်း မိုင်တိုင်(၁၇၂/၄)ရှိ ခြံစည်းရိုးကြက်ဆူ ဧက ၅၀ စိုက်ခင်း၌ စုပေါင်းမြေတောင်မြှောက်ပေါင်းသင်နေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင် များကို သတ်မှတ်နေရာ အသီးသီး၌ အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီ–ရေဇွာ လမ်းဘေး ဝဲယာ၌ မတူပီမြို့ရှိ ဌာနဆိုင်ရာအသီးသီး၏ လက်ဖက် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လက်ဖက်စိုက်ခင်း ၁၉ ဧက၌ လက်ဖက်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

စံနမူနာပြ

ဆက်လက်၍ဌာနဆိုင်ရာဝန်ထမ်းများ၏ လက်ဖက်ပင်များ ပေါင်းသင်နေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ချင်းပြည်နယ်အား လက်ဖက်ပြည်နယ်ဖြစ်လာစေရန် ဒေသခံ တိုင်းရင်းသားပြည်သူများအား လက်ဖက်ပင်စိုက်ပျိုးမှုကို စံနမူနာပြအဖြစ် စိုက်ပျိုးဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မတူပီ–ရေဇွာကားလမ်းပေါ်မှ မတူပီမြို့၌ လှေကားထစ်ကုန်း မြင့်လယ်ယာမြေ ဖော်ထုတ်ထားရှိမှုနှင့်မတူပီမြို့၏ ဖွံ့ဖြိုးတိုးတက်နေမှုကို ကြည့်ရှုသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ လက်ဖက်စိုက်ခင်းသို့ သွားရောက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသ၏လက်ဖက်ထွက်ရှိမှု၊ တင်ပို့ရောင်းချမှုစာရင်းဇယားများ ကောက်ယူထားရှိရေးနှင့် လက်ဖက်ခြောက်စက်ရုံတည်ထောင်ရေးအတွက် လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လက်ဖက်ခြံအတွင်း လက်ဖက်ဆွတ်ခူးနေမှု၊ ပေါင်းသင်ရှင်းလင်းနေမှုနှင့် လက်ဖက်ခြံအတွင်း သီးညှပ်သီးနှံအဖြစ် နာနတ်၊ သစ်တော်၊ ပိန္နဲ၊ သံပရာသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မတူပီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လက်ဖက် ငါးဧကစိုက်ခင်းနှင့် လက်ဖက်စိုက်တောင်သူဦးလျှန်နန်း၏ တစ်ဧကရှိ လက်ဖက်ခြံ၌ လက်ဖက်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ မတူပီမြို့ရှိဌာနဆိုင်ရာများ၏လက်ဖက်စိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဌာနဆိုင်ရာများအနေဖြင့် ရုံး၏ မြေလွတ်မြေလပ်များတွင် လက်ဖက်ပင်များတိုးချဲ့ စိုက်ပျိုးကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မွန်းလွဲပိုင်းတွင် မတူပီ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးဗိုလ်ချုပ်သာအေးတို့က အမှာစကား အသီးသီး ပြောကြားကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တပ်နယ် မိသားစုများအတွက် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း၊ မီးဖိုချောင်သုံး ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မတူပီမြို့မှ ပြန်လည်ထွက်ခွာကြရာ မင်းတပ်မြို့သို့ ညပိုင်းတွင် ရောက်ရှိသည်။

(သတင်းစဉ်)

ဉာဏ်ရည်မမီအားကစားအဖွဲ့ ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဉာဏ်ရည်မမီ အားကစားအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး သန်းဇော် ဦးစီးသော ဘောလုံး အားကစားအဖွဲ့ဝင် ၁၅ဦးတို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား လေးနိုင်ငံဖိတ်ခေါ် ဉာဏ်ရည်မမီကလေးများ ဘောလုံးပြိုင်ပွဲသို့ ဇူလိုင်၁၈ရက်တွင် သွားရောက်ယှဉ်ပြိုင်ခဲ့ရာမှ ဇူလိုင် ၂၃ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

ယင်းပြိုင်ပွဲတွင် ဘောလုံးအသင်းရှစ်သင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာအသင်းက စတုတ္ထရရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် (ဆ)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းစာကြည့်တိုက်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို ဇူလိုင် ၂၀ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဒေါ်ရီရီရှိန် ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ်ပြန်/ဆက်)

လကမ္ဘာသို့တရုတ်အာကာသယာဉ်လွှတ်တင်ရေး နိုင်ငံတကာနှင့်တရုတ် ပိုမိုပူးပေါင်းဆောင်ရွက်မည်

ပေကျင်း ဇူလိုင် ၂၅

တရုတ်နိုင်ငံသည် အနာဂတ်ကာလ လကမ္ဘာသို့ အာကာသယာဉ်လွှတ်တင်ရေးတွင် ရုရှား၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုရှိ အာကာသအေဂျင်စီများနှင့် ပိုမို၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်အာကာသ ဦးဆောင်သိပ္ပံပညာရှင်တစ်ဦးက ဇူလိုင် ၂၁ရက်တွင် ပြောကြားသည်။

ပြောကြား

တရုတ်နိုင်ငံသည် အာကာသဆိုင်ရာ အသုံးအဆောင်ပစ္စည်း၊ စူးစမ်းလေ့လာမှုများနှင့် အာကာသ ယာဉ်ထိန်းချုပ်မှုနှင့် ပတ်သက်၍ အနီးကပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း (၃၆)ကြိမ်မြောက် အာကာသသုတေသနသိပ္ပံဆိုင်ရာ ဆွေးနွေးပွဲတွင် တရုတ်သိပ္ပံအကယ်ဒမီအဖွဲ့ဝင် ကျူယန်ဇီယန်က ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

မိမိတို့သည် စူးစမ်းလေ့လာမှုနှင့် နည်းပညာဆိုင်ရာ ထိန်းချုပ်မှုအပိုင်းတွင် ဥရောပအာကာသအေဂျင်စီ (အီးအက်စ်အေ)နှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုနှင့်လည်း တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာကျူယန်က ပြောကြားသည်။ လကမ္ဘာသို့ အာကာသယာဉ် လွှတ်တင်ရေးတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးမှာ လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တာတိုပစ် ထရိုင်ရှူးဒုံးကျည်ကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တာတိုပစ်ဒုံးကျည် အိန္ဒိယစမ်းသပ်ပစ်လွှတ်

နယူးဒေလီ ဇူလိုင် ၂၅

အိန္ဒိယနိုင်ငံသည် နိုင်ငံ၏ အနောက်ဘက် သြရိသပြည်နယ်ရှိ ကာကွယ်ရေးအခြေခံစခန်းမှ ဇူလိုင်၂၃ ရက်က မြေပြင်မှ ဝေဟင်တာတိုပစ် ထရိုင်ရှူးဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အင်ဒိုအာရှ သတင်းဌာနက ဖော်ပြသည်။

အရှည်သုံးမီတာနှင့် အချင်းစင်တီမီတာ ၂၀၀ရှိ အဆိုပါ ဒုံးကျည်ကို သြရိသ္သပြည်နယ် ဘာလာဆိုရီခရိုင်မှ နံနက် ၁၁ နာရီမိနစ် ၅၀အချိန်တွင် ရွေ့လျားပစ်စင်မှ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း အရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

သယ်ဆောင်သွား

အိန္ဒိယနိုင်ငံ၏ ဒုံးကျည် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ထရိုင်ရှူးဒုံးကျည် ၉ ကီလိုမီတာအထိ ရောက်ရှိနိုင်ပြီး ၁၅ ကီလိုရှိ ထိပ်ဖူးကို သယ်ဆောင်သွားနိုင်သည်။

အသုံးပြုမည်

လောင်စာဆီသုံး အဆိုပါ ဒုံးကျည်ကို ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ဒီအာဒီအို)က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စစ်ဘက်၊ လေတပ်နှင့် ရေတပ်အတွက် စစ်မြေပြင်တွင် အသုံးပြုမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

အရှေ့အလယ်ပိုင်းပြဿနာ နိုင်ငံတကာဝန်ကြီးများဆွေးနွေး

ဘေရွတ် ဇူလိုင် ၂၅

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီတလီနိုင်ငံ ရောမမြို့တွင် နိုင်ငံတကာမှ ဝန်ကြီးဆိုင်ရာ အစည်းအဝေးတစ်ရပ် ကျင်းပကာ အရှေ့အလယ်ပိုင်း အကျပ်အတည်းကို ဖြေရှင်းရန် နည်းလမ်းရှာဖွေလျက် ရှိသည်။

ထိုစဉ်အတွင်း အစ္စရေးတို့၏ စစ်ဘက်ရဟတ်ယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူး နှစ်ဦးသေဆုံးခဲ့ရပြီး ထိုရဟတ်ယာဉ်မှာ မိမိတို့ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောကြားလိုက်သည်။ သို့သော် အစ္စရေးတို့က ရဟတ်ယာဉ် ပျက်ကျခြင်းမှာ ဟစ်ဇ်ဘိုလာတို့ ပစ်ချခြင်းကြောင့်မဟုတ်ကြောင်း ငြင်းဆိုသည်။

အစ္စရေးတို့က လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေသကဲ့သို့ အစ္စရေးမြို့များဖြစ်သည့် တီဘာရီရက်၊ ဟိုင်ဖာ၊ မာယော့နှင့် နာဟာရီယာမြို့များကို ဟစ်ဇ်ဘိုလာတို့က ဒုံးကျည်များဖြင့် တိုက်ခိုက်လျက်ရှိသည်။

ဘေရွတ်မြို့သို့ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်က လက်ဘနွန်ဝန်ကြီးချုပ် စီနီအိုရာနှင့် တွေ့ဆုံပြီး အပစ်အခတ်ရပ်စဲရေးဆွေးနွေးလျက်ရှိသည်။ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက အန္တရာယ်ကြီးမားသော တိုက်ခိုက်မှုများတစ်ရပ်ဟု ပြောကြားသည်။

ထိုအချိန်တွင်ပင် လက်ဘနွန်နိုင်ငံတောင်ပိုင်း မာဂွန်အယ်လ်ရက်ဒေသကို အစ္စရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန်တွင် ဓာတ်ဆီဈေးနှုန်းမြင့်တက်

နယူးယောက် ဇူလိုင် ၂၅

အမေရိကန်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဓာတ်ဆီတစ်ဂါလန် ရောင်းဈေးမှာ ပျမ်းမျှသုံးဒေါ်လာရှိခဲ့ရာ လွန်ခဲ့သည့် ၂၅နှစ်အတွင်း အမြင့်ဆုံးဖြစ်သည်ဟု ဇူလိုင်၂၃ရက်က လန်ဘာ့စ်အဖွဲ့၏ တိုင်းတာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

နိုင်ငံအတွင်း ဓာတ်ဆီအရောင်းဆိုင် ၇၀၀၀ကို ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့ရာ ပြီးခဲ့သည့် နှစ်ပတ်အတွင်း ဓာတ်ဆီပျမ်းမျှ တစ်ဂါလန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉၅၂ ရှိခဲ့ရာမှ ဇူလိုင် ၂၁ရက်တွင်အမေရိကန်ဒေါ်လာ၃ ဒသမ ဝ၁၅ သို့ မြင့်တက်လာခဲ့သည်။

အမေရိကန်တွင် ကတ်ထရီနာ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဓာတ်ဆီ လုံလောက်မှုမရှိ ဖြစ်ကာ ဓာတ်ဆီ တစ်ဂါလန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၃ဒသမ ၁၆ဒေါ်လာအထိမြင့်တက်ခဲ့ကြောင်း လန်ဘာ့စ်အဖွဲ့ အစီရင်ခံစာရေးသားသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အင်ဒိုနီးရှား၌ ငလျင်ထပ်မံလှုပ်

ဂျကာတာ ဇူလိုင် ၂၅

အင်ဒိုနီးရှားနိုင်ငံပန်ဂန်ဒါရန်ဒေသ၌ ဇူလိုင် ၂၂ရက် နံနက် ၁၀ နာရီ၂၁မိနစ်အချိန်တွင် ရစ်ချ်တာစကေး၅ဒသမ၁ရှိသော ငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံမိုးလေဝသနှင့် ဇလဗေဒ ဌာနမှ အကြီးအကဲ ဟာရီလန်တိုက ဇူလိုင် ၂၂ရက်၌ ပြောကြားလိုက်သည်။

ဗဟိုပြုလှုပ်သွား

အဆိုပါမြေငလျင်သည် ဂျာဗားကျွန်းမှ ကီလိုမီတာ ၆၀၀အကွာ အိန္ဒိယ သမုဒ္ဒရာအတွင်း အရှေ့လောင်ဂျီတွဒ် ၁၀၈ ဒသမ ၄၁ဒီဂရီနှင့် တောင်လတ္တီတွဒ် ၉ဒသမ ၄၀ ဒီဂရီ ကျရောက်သောနေရာ၌ ဗဟိုပြု လှုပ်သွားခြင်းဖြစ်သည်ဟု ဟာရီယန်တိုက ပြောကြားသည်။

ဖြစ်ပေါ်ရိုက်ခတ်

အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင်၁၇ရက်ကလည်း အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း၊ယခုငလျင်မှာ အင်အားအနည်းငယ်လျော့နည်းသော မြေငလျင် ဖြစ်ကြောင်း အင်တာရာသတင်းဌာနက သတင်းထုတ်ပြန်သည်။ဇူလိုင်၁၇ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် ဆူနာမီရေလှိုင်းများဖြစ်ပေါ် ရိုက်ခတ်ခဲ့သဖြင့်လူ ၆၀၀ ကျော်သေဆုံးပြီး နေအိမ် ၁၆၅၁လုံး ပျက်စီးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

၁၀မီတာခန့်ရှည်သော မင်္ဂလာဝတ်စုံ

၁၀မီတာခန့်ရှည်သော မင်္ဂလာဝတ်စုံကို ဆင်မြန်းထားသော သတို့သမီးတစ်ဦးကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ဒါလင်မြို့တွင် ဇူလိုင်၂၂ရက်ကကျင်းပသည့် နိုင်ငံတကာမင်္ဂလာဝတ်စုံပြပွဲတစ်ရပ်၌ တရုတ်အမျိုးသမီးတစ်ဦးက မီတာ၉ဒသမ ၉မီတာရှည်သော မင်္ဂလာသတို့သမီး ဝတ်စုံဝတ်ဆင်ကာ ပြသခဲ့ရာ ၎င်းဝတ်စုံကို နောက်မှ အကူအညီပေးသည့် အမျိုးသမီး ၁၀ဦးတို့က လိုက်လံထိန်းသိမ်းပေးရကြောင်း သိရသည်။

(အင်တာနက်)

တိရစ္ဆာန်များစွမ်းရည်ပြပွဲ

တိရစ္ဆာန်များ စွမ်းရည်ပြပွဲတစ်ရပ်ကို တရုတ်နိုင်ငံ၌ ပြုလုပ်ခဲ့စဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံအလယ်ပိုင်း ရှန်စီပြည်နယ် မြို့တော်တေယန်ရှိ တေယန် တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်များ၏ စွမ်းရည်ပြပွဲတစ်ရပ်ပြုလုပ်ရာ ခြင်္သေ့တစ်ကောင်က ရော်ဘာဘောလုံးကြီး တစ်လုံးပေါ်တက်၍ ကျွမ်းကျင်စွာ လိမ့်ပြသွားကာ စွမ်းရည်ပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အမေရိကန်နိုင်ငံ Georgetown တက္ကသိုလ်မှ ဧည့်သည်တွေ့

နေပြည်တော် ဇူလိုင် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အမေရိကန်နိုင်ငံ Georgetown University မှ Prof. David I Steinberg သည် ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အမေရိကန်နိုင်ငံ Georgetown University မှ Prof. David I Steinberg လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးညဏ်ဝင်း မော်လ်ဒိုက်ဗ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင်ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၁)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာမက်ရှာဟိဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် လှိုင်မြို့နယ် လှိုင်ရတနာမွန်အိမ်ရာ (၁)လမ်း အမှတ် ၉ နေ ဦးသိန်းအောင်–ဒေါ်မြခင် မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်တော်မူစဉ်။ (က–ပ)

အောင်မြေလူထုဓမ္မာရုံ ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၃ ရပ်ကွက် ဒေဝဒဟလမ်း အောင်မြေလူထုဓမ္မာရုံကြီး၌ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း တရားပွဲများ ကျင်းပလျက်ရှိရာ ဝါခေါင်လဆန်း ၈ ရက်တွင် အရှင်ပညာသာမိ (တိုက်ကြပ်ဆရာတော်) သာသနဓဇ ဓမ္မာစရိယကလည်းကောင်း၊ ဝါခေါင်လပြည့်နေ့တွင် သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇ ဓမ္မာစရိယ ဂန္ထဝါစက ဓမ္မာစရိယကလည်းကောင်း၊ ဝါခေါင်လပြည့်ကျော် ၈ ရက်တွင်ဦးသုမင်္ဂလ(ဝေါ)ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ (နည်းပြ)အဆောင်မှူး သာသနာ့တက္ကသိုလ်ကလည်းကောင်း၊ ဝါခေါင်လကွယ်နေ့တွင် ဦးဝေပုလ္လ မဟာဓမ္မာစရိယ(ကျမ်းပြု) နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ကမ္ဘာအေး ရန်ကုန်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားနာကြားနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၆–၇–၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ စလင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သချာ်အထူးပြု) [သချ်ာ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၂၅ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၃၅ ၈။ **“မနိုင်သောအရှုံး”** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ–အေဝမ်းမောင်လှမျိုး)
- ၁၇:၅၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင် ရွှေညာဏ်ရှင်
- ၁၉:၀၀ ၁၃။ **“အသိစိတ်ကလေး အရင်းတည်၍”** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ–ကြည်စိုး)
- ၁၉:၁၅ ၁၄။ မုဟန်သွယ်သွယ် ဆိုကြမယ်
- ၁၉:၃၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **၂၀၀၆ခုနှစ် ဇူလိုင်လ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာ အမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း–၂)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

တိရစ္ဆာန်များကို စမ်းသပ်သုတေသနပြုမှုများပြား ၂၀၀၅ခုနှစ်၌ တစ်ကမ္ဘာလုံးတွင် ကောင်ရေ ၂ ဒသမ ၈ သန်းရှိခဲ့

ကမ္ဘာတစ်ဝန်းရှိ ဓာတ်ခွဲခန်းများ၌ တိရစ္ဆာန်များကို ခွဲစိတ်သုတေသနပြုမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက် များပြားလာလျက်ရှိရာ နောင်နှစ်များတွင်လည်း ဆက်လက်တိုးမြင့်ဖွယ်ရှိကြောင်း လန်ဒန်ရှိ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အရေအတွက်

ရောဂါဗေဒ ထူပြောလာသော ယနေ့ကမ္ဘာတွင် ရောဂါအသစ်အဆန်းများ ဖြစ်ပေါ်လာမှုကြောင့် ရောဂါဆိုင်ရာ သုတေသနပြုမှုများကို တိုးမြှင့်ပြုလုပ်လာလျက်ရှိရာ ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်၌ ကမ္ဘာတစ်ဝန်းတွင် ဓာတ်ခွဲသုတေသနပြုလုပ်ခဲ့သော တိရစ္ဆာန်အရေအတွက်သည် ၂ ဒသမ ၉ သန်းခန့်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဖော်ပြထား

ထိုအရေအတွက်မှာ ၂၀၀၄ ခုနှစ်က စမ်းသပ် သုတေသနပြုခဲ့သော တိရစ္ဆာန်အရေအတွက်ထက် ၁ ဒသမ ၄ ရာခိုင်နှုန်း များပြားခဲ့သည်ဟု အင်္ဂလန်ရှိ သုတေသနဆိုင်ရာ တရားဝင် သတင်းထုတ်ပြန်ချက်များ၌ ဖော်ပြထားသည်။

ကြွက်၊ ရှဉ့်

အများဆုံး စမ်းသပ် သုတေသနပြုခံရသည့် တိရစ္ဆာန်များမှာ ကြွက်၊ ရှဉ့်ကဲ့သို့သော တွားသွားတိရစ္ဆာန်ငယ်များ၊ ငါးများနှင့် ငှက်များဖြစ်ကြကြောင်း၊ ထို့အပြင် ခွေးများ၊ ကြောင်များနှင့် မြင်းများသည်လည်း ၂၀၀၅ ခုနှစ် သုတေသနပြုမှုများ၌ ပါဝင် သုတေသနပြုမှုခံရကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရာခိုင်နှုန်း

၂၀၀၄ ခုနှစ်က လူမဟုတ်သော နို့တိုက်သတ္တဝါများအနေဖြင့် သုတေသနပြု စမ်းသပ်ခံရမှုမှာ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ သုတေသနပညာရှင်များအနေဖြင့်လက်တွေ့ စမ်းသပ် သုတေသနပြုရာတွင် တိရစ္ဆာန်များကို စမ်းသပ်ခြင်းနှင့် သိပ္ပံနည်းပညာသုံး စနစ်များဖြင့် သုတေသနပြုမှုကို မျှတအောင် ဆောင်ရွက်သင့်ကြောင်း အဆိုပါ သတင်း၌ ဆက်လက်ဖော်ပြထားသည်။

သုတေသနပြု

၂၀၀၅ ခုနှစ်၌ စမ်းသပ်သုတေသနပြုခဲ့သော တိရစ္ဆာန်များတွင် ကြွက်နှင့် အလားသဏ္ဌာန်တူ တိရစ္ဆာန် ၈၅ ရာခိုင်နှုန်း၊ ငါးများ ၈ ရာခိုင်နှုန်းနှင့် ကျေးငှက်သတ္တဝါ ၄ ရာခိုင်နှုန်းနှင့် လူမဟုတ်သော နို့တိုက်သတ္တဝါ ၄၆၅၀ တို့ဖြစ်ကြသည်။ (ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

မြန်မာ့သစ်လုပ်ငန်းက ကျွန်းသစ်လုံးလပ်ပုံများ ဇူလိုင်လအတွက် တင်ဒါစနစ်ဖြင့် ရောင်းချမည်

ရန်ကုန် ဇူလိုင် ၂၅

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက အတန်းအစားမြင့်သော ကျွန်းသစ်လုံးလပ်ပုံများကို အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အတန်းအစားနိမ့်သော ကျွန်းသစ်လုံးလပ်ပုံများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့်လည်းကောင်း လစဉ် ရောင်းချပေးလျက်ရှိရာ ဂျာမနီ၊ အီတလီ စသည့် ဥရောပနိုင်ငံများ၊ တရုတ်၊ အိန္ဒိယစသည့် အာရှနိုင်ငံများနှင့် ပြည်တွင်းကုမ္ပဏီများက ဈေးပြိုင်ပေး၍ ဝယ်ယူလျက်ရှိကြသည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ချိပ်ပိတ်တင်ဒါ၌ ကျွန်းသစ်လုံးတန် ၁၃၄၀ ခန့်ကိုလည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ တင်ဒါ၌ ကျွန်းသစ်လုံးတန် ၁၃၆၀ ခန့်ကိုလည်းကောင်း ရောင်းချမည်ဖြစ်ရာ ယခုလ ရောင်းချမည့် အတန်းအစားမြင့်သော ကျွန်းသစ်လုံးလပ်ပုံများကို ပြည်ပမှ ဝယ်ယူသူများက စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုလျက်ရှိကြသည်။ **(အပေါ်ပုံ)**

၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာနှစ်အတွင်း ဧပြီလတွင် တန် ၂၅၀၀ ခန့်၊ မေလတွင် တန် ၂၆၀၀ ခန့်၊ ဇွန်လတွင် တန် ၂၇၀၀ ခန့်ရောင်းချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဇူလိုင် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၅ နာရီခွဲတွင် သန်လျင်ဂေါက်ကွင်း၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ စေတီတော်အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်

* ရှေ့ဖုံးမှ

တက်ရောက် ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

ရေစကျ်ချအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များ

ကိုးပါးသီလ ခံယူဆောက်တည်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော် သံဃာတော်များအား ဆက်ကပ်ကြသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ အလှူရှင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစန်းမောင်က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မောကိန္နရီတေးဂီတအဖွဲ့က ထူးမခြားနား ရောင်ခြည်တော်ဘွဲ့ဖြင့် သီကျူးပူဇော်သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးအား ပက်ဖျန်းချည်နှောင်ကြသည်။

ဖတ်ကြားလျှောက်ထား

ယင်းနောက် အခမ်းအနားမှူးက အာရာမ အာရာမဝတ္ထု၊ ဝိဟာရ ဝိဟာရဝတ္ထု၊ ဝိဟာရပါကာရ၊ ဝိဟာရပရိက္ခာရ၊ ဝိဟာရသမ္ဘာရများကို သံဃာတော်များ ရှေ့မှောက်၌ စေတိယဿဒေမ စေတီတော်အား လှူဒါန်းခြင်းနှင့် စပ်လျဉ်းသည့် လှူဒါန်းလွှာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦး စေတီတော်အား လှူဒါန်းသောအားဖြင့် အဘယသုခသိမ်တော်၊ ဇေယျသုခမင်္ဂလာနှစ်ထပ်ကျောင်းဆောင်နှင့် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးတို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း လားရှိုးမြို့ရှိ သာသနာ့နွယ်ဝင် သီလရှင် စာသင်တိုက်လေးတိုက်တို့မှ သီလရှင်များအတွက် သီလရှင်ဝတ်စုံများကို ပြည်နယ် သီလရှင်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သာသနဟိတကာရီ သီလရှင်စာသင်တိုက် ပဓာန နာယက ဆရာကြီး ဒေါ်ကေသီ (မဟာဂန္ထဝါစက ပဏ္ဍိတ)နှင့် သီလရှင်ဆရာကြီးများအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ သုခမင်္ဂလာ ဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးရှေ့၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အခမ်းအနားမှူး ဦးစန်းမောင်(ဓမ္မာစရိယ)ရေးစပ်ပူဇော်သည့် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော် စေတိယပူဇာဝန္ဒနာတေးထပ်ကို မောကိန္နရီတေးဂီတအဖွဲ့က သီကျူးပူဇော်သည်။

လှူဖွယ်ဝတ္ထုများဆက်ကပ်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ သက်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ လားရှိုးမြို့ပေါ်ရှိ

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

ပရိယတ္တိစာသင်တိုက် ၁၇တိုက်သို့ လှူဒါန်းသော ဆွမ်းဆန်တော်နှင့်ဆီ၊ ဆားများကိုလည်းကောင်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တို့က ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက လားရှိုးမြို့ရှိ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက် လေးတိုက်တို့မှ သီလရှင်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် သီလရှင်ဝတ်စုံများကို ပြည်နယ်သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သာသနဟိတကာရီသီလရှင်စာသင်တိုက် ပဓာနနာယက ဆရာကြီး ဒေါ်ကေသီ (မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် သီလရှင်ဆရာကြီးများအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြပြီး မြေဆီသြဇာထည့်ကာ ရေစင်သွန်းလောင်း၍ နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များသည် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ကပ်လှူပူဇော်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ရှိ ပတ္တမြားမျက်ရှင်ဗုဒ္ဓရုပ်ပွားတော်အား သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် ဧည့်သည်တော်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကံ့ကော်ပင် စိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အလှူတော်ငွေလှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် စေတီတော်အတွက် အလှူတော်ငွေကျပ် ၁၀သိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဦးထွန်းမြင့်နိုင် (အေးရှားဝေါလ်ကုမ္ပဏီ)၊ ဦးတေဇ (ထူးထရိတ်ဒင်း)နှင့် ဦးစိုးမြင့်(ငွေဆင်ကုမ္ပဏီ)တို့က အလှူငွေကျပ် ၁၀သိန်းစီကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် စေတီတော်ရင်ပြင်ရှိ ညောင်ပင်အား မြေဆီသြဇာထည့်၍ ရေစင်သွန်းလောင်းပေးကြသည်။ ဆက်လက်၍ စေတီတော်အား လက်ယာရစ်လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အဘယသုခသိမ်တော်၌ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁) ‘ဝ’ အဖွဲ့မှ ဦးဖုန်ဒါရှင်၊ အထူးဒေသ(၂)မှ ဦးရှောက်မီလျှံ၊ အထူးဒေသ(၃)မှ ဦးလွယ်မောင်း၊ အထူးဒေသ(၅)မှ ဦးမထုနော်၊ ကချင်ပြည်နယ်အထူးဒေသ (၂)မှ ဦးဇော်ယော်တို့ ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကံ့ကော်ပင်စိုက်ပျိုး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးရှေ့၌

အဖြူကို အနက်ဆိုးသူများအား ဆန့်ကျင်ဖယ်ရှားချေမှုန်းကြပါစို့

မြင်နေရသော မြန်မာ့ရုပ်မြင်သံကြားမှ ပုံရိပ်တို့သည် ကြည်နူးနှစ်သိမ့်၊ နှလုံးသည်းခြေစိမ့်မျှ တသိမ့်သိမ့် ခံစားရသည်။ ရင်၌လှုပ်ခတ်လာသော ဝမ်းမြောက်ကြည်နူးရမှုကြောင့် မျက်ဝန်းတစ်ခိုတွင် မျက်ရည်များ တစိမ့်စိမ့်စို့ရွှဲလာသည်။

အမှောင်မှအလင်း၊ အမှားမှအမှန်သို့ ရှေးရှုဦးတည်လာသော သူတို့အားလုံး၏ ခြေလှမ်းများသည် သူတို့၏ ဒေသ၊ သူတို့တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို သယ်ပိုးကြမည့် တက်ကြွသော အားမာန်ကို ဆောင်ယူထားကြသဖြင့် သွက်လက်လှသည်။ ခိုင်မတ်သော ခန္ဓာကိုယ်နှင့် ပြတ်သားသော မျက်နှာတို့သည် အနာဂတ်အတွက် ရဲရင့်သော အဆုံးအဖြတ်၏ နိမိတ်ပုံလည်း ဖြစ်သည်။

ထို့အတူပင် သူတို့၏ လာရာလမ်းတစ်လျှောက်လုံးတွင် ကြိုဆိုနေသော ဒေသခံတိုင်းရင်းသားများကလည်း ခရီးဝေးမှ ပြန်ရောက်လာသော မိသားစုဝင် ဦးလေးသားချင်း မောင်ဘွားအရင်း၊ အစ်ကိုရင်းများအား ဝမ်းပန်းတသာ လှိုက်လှဲပျူငှာ ကြိုဆိုနေကြသကဲ့သို့ နွေးထွေးသော အပြုံးရိပ်ကိုယ်စီဖြင့် ပန်းကုံး၊ ပန်းစည်းများဖြင့် လက်ကမ်းလျက် ငြိမ်းချမ်းသောအရိပ်တွင် ခွေးသိပ်အေးမြစေခဲ့သည်။

ဤသည်တို့မှာ ၂၀၀၆ခုနှစ် ဇူလိုင် ၁၆ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့တွင် ကျင်းပသော ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင်ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင် ၈၄၈ ဦးတို့၏ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော အခမ်းအနားအား ၂၀၀၆ ခုနှစ် ဇူလိုင် ၁၇ ရက်နေ့ ည ၈ နာရီတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် သတင်းပုံရိပ်များပင်ဖြစ်သည်။

ယင်းသတင်းပုံရိပ်များသည် နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းလိုကြသော လက်ရှိတည်ငြိမ်အေးချမ်းမှုကို မပျက်ပြားလိုသော မြန်မာတိုင်းရင်းသားပြည်သူတို့အား နှလုံးစိတ်ဝမ်း အေးချမ်းစေခဲ့သည်။ နိုင်ငံတော်၏အနာဂတ်ကာလ ခရီးအတွက် အင်အားတစ်ရပ်ကို ဆောင်ယူလာခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အလင်းရောင်လည်းဖြစ်သည်။

အကြောင်းမူရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်က လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အကြောင်းရင်းကို ရှင်းလင်းတင်ပြရာတွင် အဓိကကျသော အချက်အလက်များအဖြစ် **“ရွက်ဆစ်၏ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းကို လုံးဝလက်မခံနိုင်ခြင်း၊ ရွက်ဆစ်၏အကြမ်းဖက်ဝါဒအရ အပြစ်မဲ့ပြည်သူတွေကို အစုလိုက်အပြုံလိုက် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ရွာကို မီးရှို့ဖျက်ဆီးခြင်း၊ ခေါင်းဆောင်များက မိန်းမလိုက်စားပြီး အမျိုးသမီးငယ်များအား ဖျက်ဆီးခြင်း၊ ရှမ်းပြည်နယ်အတွင်း အတူတကွနေထိုင်ကြသော ပအိုဝ်းတိုင်းရင်းသားများကို ရန်ပြုရုံသာမက မောင်းထုတ်ခြင်းတို့ဖြင့် တပ်ဖွဲ့၏ဂုဏ်ကို ထိခိုက်စေသည့်အတွက် အတန်တန်တားသော်လည်း မရ၍ စိတ်ပျက်ခြင်း၊ တပ်မတော်အစိုးရနှင့် ပြည်သူတို့လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးများကို အောင်အောင်မြင်မြင် ဆောင်ရွက်နေကြသည့်အတွက် ပင်လုံတက္ကသိုလ်၊ ပင်လုံအစိုးရနည်းပညာ ကောလိပ်၊ ပင်လုံကွန်ပျူတာကောလိပ်တို့ကို တွေ့ရှိရသဖြင့် နယ်မြေငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ကို သဘောပေါက်လာခြင်း၊ နှစ်ပေါင်း ၂၀ ကျော် လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးခဲ့ခြင်းဖြင့် ပြည်သူလူထုအတွက် လုံးဝအကျိုးမရှိဘဲ နှိပ်စက် ကလူပြုမှုရာ ရောက်နေသည်တို့ကို သိမြင်လာခြင်း”**တို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည့်အပြင် ရွက်ဆစ်ကိုယ်တိုင် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများ၊ သယ်ယူဖြန့်ဖြူးမှုများနှင့်အတူ ရွက်ဆစ်အဖွဲ့က ကျေးရွာ များအား မီးရှို့ဖျက်ဆီးမှုများ၊ ကျေးရွာနေ တိုင်းရင်းသားများကို သတ်ဖြတ်မှုများ၊ ခရီးသွားတိုင်းရင်းသားပြည်သူများအား လုယက်၊ သတ်ဖြတ်၊ ဆက်ကြေးကောက်ခြင်းနှင့် အဓမ္မပြုကျင့်မှုများ၊ ငွေစက္ကူကျပ် ၅၀၀ တန်အတုလုပ်မှုများကို နေရာဒေသ၊ နေ့ရက်တို့နှင့်တကွ အကျယ်တဝင့်ဖော်ထုတ် တင်ပြသွားခဲ့သည်။

ထိုနည်းတူရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) (ရွက်ဆစ်အဖွဲ့) တပ်မဟာ(၇၅၈) ဒုတပ်မဟာမှူး ဦးစိုင်းတနှင့် စစ်ကြောင်းမှူး ဦးစိုင်းရန်းတို့ကလည်း**“ရွက်ဆစ်၏ လူမဆန်သော အကြမ်းဖက်မှု၊ ဘိန်းမှောင်ခိုကူးမှု၊ ဆက်ကြေးတောင်းမှု၊ လက်တွေ့မှာ ရှမ်းလူထုဒုက္ခရောက်နေမှုတို့ကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ရှမ်းပြည်နယ် ကောင်းစားရေးအတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်မည်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာရခြင်းအတွက် လပြည့်ညမှာသာတဲ့လမင်းလို ရင်ထဲ၌ အေးချမ်းပြီး လင်းထိန် သွားကြောင်း”** စသဖြင့် သူတို့၏ ဖြတ်သန်းမှုအတွေ့အကြုံများနှင့် ခံစားရမှုများကို ပွင့်ပွင့်လင်းလင်း ရိုးသားစွာ ရှင်းလင်းတင်ပြခဲ့ကြသည်။

ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအား လဲချားမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ပန်းကုံးများ၊ ပန်းစည်းများ ကမ်းလှမ်း၍ ဤသို့ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။

(သတင်းစဉ်)

ကေတုနီလာ

ယင်းအပြင် ဒေသခံပြည်သူများကိုယ်စား ရှမ်းတိုင်းရင်းသူ နန်းလှိုင်ခမ်းကလည်း **“ဒီမြေဒီရေ၊ ဒီဒေသမှာ မွေးဖွားကြီးပြင်းပြီး လူလားမြောက်လာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီနေ့ဟာ ကျွန်မအတွက် ဝမ်းသာပီတိဖြစ်ရတဲ့နေ့၊ မင်္ဂလာအရှိဆုံးနေ့၊ အပျော်ရွှင်ရဆုံးနေ့ရက်ဖြစ်သလို တိုင်းရင်းသား မိဘပြည်သူတွေအားလုံးအတွက်လည်း ပျော်ရွှင်စရာ အကောင်းဆုံးနေ့ရက်ဖြစ်မယ်ဆိုတာ ယုံကြည်မိကြောင်း၊ ကျွန်မတို့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများဟာ ရှေးယခင်က အေးချမ်းစွာ အတူနေထိုင်လာခဲ့ကြပေမယ့် ကိုလိုနီ**

ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) ရွက်ဆစ်အ
အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်နှင့် တပ်ဖွဲ့ဝင်
တို့သည် ယင်းတို့ဒေသနှင့် ယင်းတို့၏ လူမျိုးများ လူမှုစီးပွား ဘဝ
နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်
ထက်မြက်ရှင်သန်သော အမျိုးသားရေးစိတ်ဓာတ်နှင့် နိုးကြ
ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တရားဥပဒေဘောင်အတွင်းသို့ ဝ
ဖြစ်သည်မှာ ယုံမှားသံသယဖွယ်ရာမရှိပေ။ မည်သည့်ဖိအားပေ
သွေးဆောင်မှုမျှ မပါဝင်ဘဲ ‘အဖြူ’ထည်ဖြစ်သည့် တိုင်းရင်းသား
ရေးအတွက် ‘အနက်’ရောင်ဖြစ်သော လက်နက်ကိုင် ဆူပူသောင်းကျ
စွန့်လွှတ်ကျောခိုင်းလိုက်ခြင်းဖြစ်သည်ကို ယင်းတို့၏ ပွင့်လင်းပြတ်သ
ထားအမြင်တို့က အခိုင်အမာ သက်သေတင်လိုက်ပြီဖြစ်။

အမွေဆိုးကြောင့် တိုင်းရင်းသားအချို့ဟာ ယုံကြည်ချက်၊ ခံယူချက် လွဲမှားပြီး လက်နက်ကိုင်ဆူပူ ထကြွခဲ့ကြလို့ အေးချမ်းမှု ကင်းပြီး စိုးရိမ်ထိတ်လန့်မှု၊ ဝမ်းနည်းပူဆွေးမှု သောကများနဲ့ ဒုက္ခပင်လယ်ဝေခဲ့ရကြောင်း၊ မတည်ငြိမ်၊ မအေးချမ်းတဲ့ ကျွန်မတို့ ဒေသမှာ သေနတ်သံတွေကြားထဲက စားဝတ်နေရေးအတွက် ကျီးလန့်စာစားလုပ်ကိုင်ခဲ့ကြရကြောင်း၊ ရရှိလာတဲ့ အကျိုး ရလဒ်ကိုလည်း ပြည့်ပြည့်ဝဝမခံစားရဘဲ စေတနာမပါတဲ့ ပေးကမ်းခြင်းမျိုးနဲ့ ဆက်ကြေးများပေးခဲ့ရကြောင်း၊ သောင်းကျန်းသူများသည် ဆက်ကြေးများကိုသာ ကောက်ခံပြီး ဒေသအကျိုး မပြုခဲ့ကြောင်း၊ ဝမ်းရေးအတွက် ပေါက်ပြားသုံးချက် ပေါက်တိုင်း တစ်ချက်စာသာ ခံစားရပြီး နှစ်ချက်စာဟာ သောင်းကျန်းသူတွေအတွက် ဆက်ကြေးအဖြစ် ရောက်ခဲ့ရကြောင်း”တို့အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ပညာရေး၊ ကျန်းမာရေး အဆင့်များ နိမ့်ကျရသော အခြေအနေများ၊ သမိုင်းဝင်ဘာသာရေး အဆောက်အအုံများဖြစ်သော ဘုရားပုထိုးစေတီ ကျောင်းကန်များ ပျက်စီးရသော အခြေအနေများ၊ သောင်းကျန်းသူများကြောင့် ချွေးနည်းစာ ငွေကြေးပါမက အသက်ပါဆုံးရှုံးရမှုများစသည့် ဆူပူသောင်းကျန်းမှုဒဏ်များအား တိုင်းရင်းသားပြည်သူများ ခါးစည်းခံနေရသည်တို့ကို ရှင်းလင်းတင်ပြပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တိုင်းရင်းသား ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်လာသည့် အခြေအနေ အရပ်ရပ်တို့ကို နားလည်သိမြင်စွာဖြင့် ဒေသအကျိုး၊ လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်အတွက် ယနေ့အချိန်အထိ သံသယစိတ်နှင့် လက်နက်စွဲကိုင်နေကြသော ဦးလေး၊ အစ်ကို၊ မောင်တွေအားလုံး အမှားကိုမြင်၊ အမှန်ကိုပြင်ပြီး

ဦးမိန်းစင်ကဲ့သို့ မိဘပြည်သူများ၏
ဝင်ရောက်၍ ထာဝရငြိမ်းချမ်းရေး
တိုက်တွန်း ခဲ့သည်။

ဆိုရလျှင် ဦးမိန်းစင်နှင့်
သူတို့ဖြတ်သန်းလာခဲ့သော အနှစ်
လမ်းစဉ်၏ အနိဋ္ဌာရုံအတွေ့အကြုံမျ
စားရေး၊ ရှမ်းလူထုကောင်းစားရေး၊ ဒီမိ
လက်တွေ့ပြည်သူ့ဘဝနယ်ပယ်တွင်
ကောင်းစားရေး၊ ဒီမိုကရေစီရေးတို့မှ
မဖော်နိုင်ဘဲ ရွက်ဆစ်နှင့်အပေါင်းပါ
အတွက် အသုံးချခံနေရသည့် သားကေ
ဘဝမှန်ကို ခံစားသိမြင်လာခဲ့ကြသ

အခြားတစ်ဖက်တွင်လည်း
ဘဝတူလက်နက်ကိုင် တိုင်းရင်းသား
တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး
လူမှုရေးအခြေအနေများအား တ
ဒေသတည်ငြိမ်အေးချမ်းမှုသည် ယင်း
အခြေခံကျောရိုးဖြစ်သည်ကို နားလ
အစိုးရ၏ တိုင်းရင်းသားများအပေါ်ထ

ညီညွတ်ရေး သဘောထားရပ်တည်
အကောင်အထည်ဖော်မှုကိုလည်း သ
လာခဲ့ကြသည်။

မိမိဒေသနှင့် မိမိလူမျိုး၏ အ
ပါဝင်အကောင်အထည်ဖော်ခြင်းဖြင့် မိ
ချက်ဖြစ်သည့် ရှမ်းပြည်နယ်လူထုနှင့်
အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်
နှင့်အဖွဲ့သည် မျက်ဝါးထင်ထင် မြင်
အနေအရပ်ရပ်အရ မှန်ကန်ရဲရင့်ပြတ်
လက်နက် ကိုင်လမ်းစဉ်၏ အနိဋ္ဌာရုံ
ရက်စက်သော အတွေ့အကြုံများသ
စွန့်လွှတ်ပြီး တရားဥပဒေဘောင်အ
အခြားသော ရွေးချယ်စရာလမ်းမရှိ
သိမြင်လာခဲ့ကြသည်။

ထို့ကြောင့်ပင် ဦးမိန်းစင်နှင့်
ရောက်လာခဲ့ကြသည်။ အမှားကိုစွန့်လွှ
ရဲရင့်စွာ လက်ခံလာခဲ့ကြသည်။ နို
တပ်မတော်၏ ရိုးသားရှင်းသန့်သော
ရေးသဘောထားများနှင့်တကွ တိုင်း
လှိုက်လှဲသော လက်ကမ်းကြိုဆိုမှ
(တောင်ပိုင်း) (SSA-S)(ရွက်ဆစ်
တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိ
လက်နက်ကိုင် အဖွဲ့ဝင် ၈၄၈ ဦးသ

ဦးမိန်းစင်ကဲ့သို့ မိဘပြည်သူများ၏ နွေးထွေးသော ရင်ခွင်ကို ခိုလှုံဝင်ရောက်၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြရန် ဖိတ်ခေါ်တိုက်တွန်း ခဲ့သည်။

ဆိုရလျှင် ဦးမိန်းစင်နှင့် ဦးစိုင်းတ၊ ဦးစိုင်းရှန်းတို့သည် သူတို့ဖြတ်သန်းလာခဲ့သော အနှစ် ၂၀ ကျော်ကြာ လက်နက်ကိုင်လမ်းစဉ်၏ အနိဋ္ဌာရုံအတွေ့အကြုံများနှင့်အတူ ရှမ်းပြည်နယ်ကောင်းစားရေး၊ ရှမ်းလူထုကောင်းစားရေး၊ ဒီမိုကရေစီရေးတို့ကို ကြွေးကြော်ပြီး လက်တွေ့ပြည်သူ့ဘဝနယ်ပယ်တွင် ရှမ်းပြည်နယ်နှင့် ရှမ်းလူထုကောင်းစားရေး၊ ဒီမိုကရေစီရေးတို့မှာ မည်သို့မျှ အကောင်အထည်မဖော်နိုင်ဘဲ ရွက်ဆစ်နှင့်အပေါင်းပါတို့၏ ကိုယ်ကျိုးစီးပွား ရှာဖွေမှုအတွက် အသုံးချခံနေရသည့် သားကောင်ဘဝသို့ ရောက်နေကြရသော ဘဝမှန်ကို ခံစားသိမြင်လာခဲ့ကြသည်။

အခြားတစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးရယူပြီးဖြစ်သော ဘဝတူလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ဒေသများမှ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေး၊ လူမှုရေးအခြေအနေများအား တအံ့တသြတွေ့မြင်လာခဲ့ကြသည်။ ဒေသတည်ငြိမ်အေးချမ်းမှုသည် ယင်းဒေသ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျောရိုးဖြစ်သည်ကို နားလည်လာခဲ့ကြသည်။ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားများအပေါ်ထားရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး သဘောထားရပ်တည်ချက်နှင့် လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်မှုကိုလည်း သဘောပေါက်စွာ သက်ဝင်ယုံကြည်လာခဲ့ကြသည်။

(SSA-S) ရှက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်
း ဦးမိန်းစင်နှင့် တပ်ဖွဲ့ဝင်အင်အား ၈၄၈ ဦး
လူမျိုးများ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေး
တော်ကြီး အစွန့်ရှည်တည်တံ့ရေးတို့အတွက်
ရေးစိတ်ဓာတ်နှင့် နိုးကြားတက်ကြွသော
ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်း
မရှိပေ။ မည်သည့်ဖိအားပေးမှု၊ ခြိမ်းခြောက်မှု၊
ည်ဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်
က်နက်ကိုင် ဆူပူသောင်းကျန်းမှုအား ရိုးသားစွာ
ယင်းတို့၏ ပွင့်လင်းပြတ်သားသော သဘော
တင်လိုက်ပြီဖြစ်။

မိမိဒေသနှင့် မိမိလူမျိုး၏ အကျိုးစီးပွားကို မိမိတို့ ကိုယ်တိုင်ပါဝင်အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့၏ ရည်မှန်းချက်၊ ယုံကြည်ချက်ဖြစ်သည့် ရှမ်းပြည်နယ်လူထုနှင့် ရှမ်းပြည်နယ်ကောင်းစားရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်သည်ကိုလည်း ဦးမိန်းစင်နှင့်အဖွဲ့သည် မျက်ဝါးထင်ထင် မြင်နေရသော ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်အရ မှန်ကန်ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်နိုင်ခဲ့ကြသည်။ လက်နက် ကိုင်လမ်းစဉ်၏ အနိဋ္ဌာရုံတရားများ၊ ခါးသည်းကြမ်းတမ်းရက်စက်သော အတွေ့အကြုံများသည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန်မှတစ်ပါး အခြားသော ရွေးချယ်စရာလမ်းမရှိသည်ကို အခိုင်အမာ နားလည်သိမြင်လာခဲ့ကြသည်။

ထို့ကြောင့်ပင် ဦးမိန်းစင်နှင့်အဖွဲ့သည် အမှောင်မှ အလင်းသို့ ရောက်လာခဲ့ကြသည်။ အမှားကိုစွန့်လွှတ်ပြီး အမှန်တရားကို ပြတ်သားရဲရင့်စွာ လက်ခံလာခဲ့ကြသည်။ နိုင်ငံတော်၏ စေတနာနှင့်အတူ တပ်မတော်၏ ရိုးသားရှင်းသန့်သော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးသဘောထားများနှင့်တကွ တိုင်းရင်းသားပြည်သူတို့၏ နွေးထွေးလှိုက်လှဲသော လက်ကမ်းကြိုဆိုမှုများဖြင့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S)(ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ် အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင် ၈၄၈ ဦးသည် အိမ်အပြန်လှခဲ့ပြီဖြစ်သည်။

သူတို့ကို မွေးဖွားရှင်သန်ကြီးပြင်းစေခဲ့သော သူတို့၏ မွေးရပ်ဒေသနှင့် သူတို့ချစ်မြတ်နိုးသော သူတို့၏အမျိုးအနွယ်တို့ကို စောင့်ရှောက်ကာကွယ်လျက် ဒေသနှင့် လူမျိုး၏ အကျိုးစီးပွားကို အေးချမ်းစွာ သယ်ပိုးဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

စင်စစ် လောကတွင် အပြုနှင့်အဖျက်သည် ဆန့်ကျင်စွာ ရှိကြသည်။ အမှန်နှင့်အမှားသည် ခြားနားစွာဖြစ်တည်လျက် ရှိသည်။ တည်ဆောက်သူနှင့် ဖျက်ဆီးသူသည် မတူညီသော သဘောထားနှင့် ရပ်တည်မှု ရှိကြမြဲဖြစ်သည်။

ဤသို့အားဖြင့် ရှမ်းပြည်နယ်ဒေသတွင်း ၂၀၀၅ ခုနှစ် နှစ်လယ်ပိုင်းလောက်ကစပြီး ရှိနေပြီးဖြစ်သည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)မှ ဦးကန်နဦးစီးသော တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များ၊ ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ (PSLA)မှ ဦးအိုက်မုန်းဦးစီးသောတပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)မှ ဦးဂုဏ်ခေး ဦးစီးသော တပ်မဟာ(၁၉) တပ်ဖွဲ့ဝင်များသည် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြပြီးဖြစ်သည်။

ထို့အတူပင် ၂၀၀၆ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S)(ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင်နှင့်တပ်ဖွဲ့ဝင် ၈၄၈ ဦးတို့က လက်နက်ကြီးမျိုးစုံ ၂၄ လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄ လက်၊ ကျည်ကပ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ ၁၅၇၉၇၁ တောင့်၊ လက်ပစ်ဗုံး ၅၅ လုံး၊ မိုင်း ၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅ လုံးနှင့် လမ်းလျှောက်စကားပြောစက် ၁၂၀ တို့ကိုပါ တစ်ပါတည်းယူဆောင်ပြီး နိုင်ငံတော်အစိုးရထံအပ်နှံ၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ယင်းဖြစ်စဉ်များသည် ရှမ်းပြည်နယ်တစ်ခွင်လုံး ငြိမ်းချမ်းရေးအလင်းရောင်ဖြန့်ကြက်လာသော မိုးသောက်အရုဏ်ဦးပင်ဖြစ်သည်။ ရှမ်းပြည်နယ်ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော မောင်းနှင်ရေးအားလည်းဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု အင်အားသည် ဖွံ့ဖြိုးတိုးတက်ရေးခရီးလမ်းကို အားကောင်းမောင်းသန်စွာဖြင့် ဖြတ်သန်းလာခဲ့ပြီဖြစ်သည်။

သို့သော်လည်း လောဘ၊ ဒေါသ၊ မောဟတိမ်သလ္လာများ ဖုံးလွှမ်းနေသည့် နယ်ချဲ့သြဇာခံ တစ်ယူသန်အဖျက်သမား သစ္စာဖောက်များသည် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသား ပြည်သူများ စည်းလုံးညီညွတ်စွာ မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိလူမျိုးတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲပေါင်းစည်း ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများ၊ ရှမ်းပြည်နယ်တစ်ခွင်လုံး ငြိမ်းချမ်းသာယာပြီး အဘက်ဘက်၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လာသော အခြေအနေများကို အမှန်ပကတိအရှိတရားအတိုင်း ရဲရဲဝံ့ဝံ့ မကြည့်ရဲ မရှုရဲကြသဖြင့် ပြည်သူများနှင့် တဖြည်းဖြည်းဝေးကွာခဲ့ကြသည်။ ယင်းအခြေအနေကို လှေလာဆင်ခြင်ပြီး အမှားကိုပြင်၊ အမှန်မြင်ခြင်းမရှိဘဲ နိုင်ငံတော်အစိုးရကို သိက္ခာချသည့် သဘောဖြင့် ရှမ်းပြည်နယ်ကြီး ဆုတ်ယုတ်နေသည်ဟူ၍လည်းကောင်း၊ မူးယစ်ဆေးဝါး တားဆီးမှုကို ထိထိရောက်ရောက်မလုပ်ဟူ၍လည်းကောင်း၊ ရှမ်းတိုင်းရင်းသူများကို မတရား ပြုကျင့်သည်ဟူ၍လည်းကောင်း၊ လူကုန်ကူးခံနေရသည် ဟူ၍လည်းကောင်း နိုင်ငံရေးအရ လုပ်ကြံဖန်တီး ပုတ်ခတ်မှုများဖြင့် နိုင်ငံတကာက အထင်အမြင် လွဲမှားလာစေရန် စွပ်စွဲ လျက်ရှိကြသည်။ ယင်းအပြင် ပြည်ထောင်စုကြီးအတွက် အန္တရာယ်အများဆုံးဖြစ်သော တစ်ယူသန်လူမျိုးရေး အစွဲအလမ်းများ၊ သံသယနှင့် အာဃာတများ၊ တိုင်းရင်းသားလူမျိုးများအတွင်း ဝင်ရောက်ပူးကပ်လာစေရန် အခြေအမြစ်မဲ့၊ ယုတ္တိမဲ့သော နိုင်ငံရေးပယောဂ လုပ်ကြံမှုများဖြင့် သွေးခွဲသပ်လျှိုလျက်ရှိသည်။

ဆိုရလျှင် လွတ်လပ်ရေးရပြီးသည်မှစ၍ နှစ်ပေါင်း ၅၀ ဝန်းကျင်အတွင်း ရှမ်းပြည်နယ်လူထုသည် နယ်ချဲ့ကိုလိုနီခေတ်၏ အမွေဆိုးအဖြစ် ကျန်ရှိနေခဲ့သော ပဒေသရာဇ်လောင်းရိပ် ဖိနှိပ်ခြယ်လှယ်မှုအောက်တွင် ကြောက်ရွံ့ထိတ်လန့်စွာ နေထိုင်လာခဲ့ကြရသည့်အပြင် နယ်ချဲ့သြဇာခံ တစ်ယူသန်လူမျိုးရေးဝါဒီတို့၏ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုဒဏ်ကိုလည်း ခါးစည်းခံခဲ့ကြရသည်။ ပြည်ပကူမင်တန်တရုတ်ဖြူတို့၏ ကျူးကျော်မှုစစ်တလင်းတွင် နင်းချေခြင်းခံခဲ့ကြရသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)တို့၏ အယူဝါဒမှိုင်းအောက်တွင်လည်း အမှောင်ဘဝသို့ ကျရောက်ခဲ့ကြသည်။ သေနတ်သံနှင့် ကျည်ဆန်များအကြား ပရိယေသန ဝမ်းစာကို ကြီးလန့်စာစားရှာဖွေစားသောက်ခဲ့ရသည်။ ပြာပုံအတိ လွှမ်းနေသော ကျောင်းစာသင်ခန်းများ၊ ဘုရားပုထိုးစေတီကျောင်းကန်များ အပါအဝင် ယမ်းငွေ့နှင့် သွေးညှီနံ့တို့ကြားမှ အနိဋ္ဌာရုံအငွေ့အသက်များ ပျံ့လွင့်နေသည့် တောင်ယာစိုက်ခင်းနှင့် လယ်ယာမြေများသည် ရှမ်းပြည်နယ်ဒေသနှင့် ရှမ်းပြည်နယ်လူထု၏ ဘဝပုံရိပ်ဝန်းကျင်ဖြစ်ခဲ့သည်။ တရားဥပဒေမဲ့စွာ အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့သည် ရှမ်းပြည်နယ်လူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအား အရိပ်မည်းပမာ အမြဲတမ်းခြောက်လှန့်နေခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မဟာ (၇၅၈)တပ်မဟာမှူး ဦးမိန်းစင်ထံ လက်ဆောင်ပစ္စည်းများ ဤသို့ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

ယင်းဖြစ်စဉ်များနှင့်ပတ်သက်ပြီး ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့က ကျင်းပခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အေးသာယာမြို့ အစိုးရနည်းပညာကောလိပ် ပင်မသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရည်ညွှန်းသုံးသပ်ပြီး မိန့်ကြားခဲ့သည်မှာ **"ကိုလိုနီနယ်ချဲ့တို့၏ ပြည်နယ်ပြည်မ ခွဲခြားပြီး သွေးခွဲအုပ်ချုပ်မှု၊ မူးယစ်ဆေးဝါး သံသရာထဲ နစ်မွန်းခဲ့ရမှု၊ ပဒေသရာဇ်စနစ် လောင်းရိပ်အောက်၌ နှစ်ပေါင်းရှည်ကြာစွာ ခြွင်းချန်ထားခံရမှု၊ ကူမင်တန် တရုတ်ဖြူတို့၏ ကျူးကျော်ခံရမှု၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ လွှမ်းမိုး စိုးမိုးခံရမှုတို့ကြောင့် အယူဝါဒရေး၊ ဂိုဏ်းဂဏရေး၊ တစ်ယူသန်လူမျိုးရေး၊ ပုဂ္ဂိုလ်ရေးအစွဲအလမ်းများ တိုးပွားလာခဲ့ရပြီး ရှမ်းပြည်နယ်သည် လက်နက်ကိုင်ဆန့်ကျင်မှုပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ လုံခြုံရေးကင်းမဲ့မှုကြောင့် ဖွံ့ဖြိုးမှုအခြေခံအဆောက်အအုံများ ချို့တဲ့ခဲ့ရသည့် ပြဿနာစသော အနိဋ္ဌာရုံ ဆိုးမွေများကို ခါးစည်းပြီးခံခဲ့ရကြောင်း"** ရှင်းလင်းမိန့်ကြားခဲ့သည်။

ဤသို့အားဖြင့် အတွင်းရေးမှူး(၁)၏ ရည်ညွှန်းသုံးသပ်ချက်အရ လွတ်လပ်ရေးရသည်မှ မျက်မှောက်ကာလတိုင်အောင် ရှမ်းပြည်နယ်ဒေသ၏ တည်ငြိမ်အေးချမ်းမှုမရှိခဲ့သော အခြေအနေအရပ်ရပ်သည် ကိုလိုနီနယ်ချဲ့စနစ်နှင့် ပဒေသရာဇ်စနစ်တို့ အပါအဝင် ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းဆူပူမှုတို့သည်သာလျှင် အရင်းခံအကြောင်းတရား ဖြစ်သည်မှာ သိသာထင်ရှားသော သမိုင်းရေးရာ ယုတ္တိဗေဒပင် ဖြစ်သည်။

ထို့ကြောင့်ပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး နှစ်ပေါင်းထောင်ချီတိုင်အောင် အေးအတူ ပူအမျှ အတူတကွ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးဟူသော "အဖြူ"ပေါ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရန် လုပ်ကြံသည့် လက်နက်ကိုင်ဆူပူသောင်းကျန်းမှုဟူသော "အနက်" ရောင်ကို စွန်းထေးပေကျံရေးအတွက် အဖျက်အမှောင့် ပယောဂဖြင့် ဖန်တီးခဲ့သူများ၊ ဖန်တီးလှုံ့ဆော်နေသူများသည် ကိုလိုနီနယ်ချဲ့လက်သစ် လက်ဟောင်းများနှင့် ယင်းတို့၏ သြဇာခံ ပြည်တွင်းပြည်ပအဖျက်သမားသောင်းကျန်းသူများ အပါအဝင် အမျိုးသားသစ္စာဖောက်များပင်ဖြစ်သည်မှာ မည်သို့မျှ ဖုံးဖိဖာထေးငြင်းပယ်၍ မရနိုင်ပေ။

မည်သို့ဆိုစေ မျက်မှောက် မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် နိုင်ငံတော်အစိုးရ၏ ရိုးဖြောင့်သန့်စင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး သဘောထားနှင့် ရပ်တည်ချက်ပေါ်တွင် ကြည်လင်စူးရှသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ရဲရင့်ရှင်သန်သော ပြည်ထောင်စုစိတ်ဓာတ်တို့ကို နိုးကြားစွာ ခံယူလာကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ကြပြီး တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၍ မိမိနိုင်ငံ၊ မိမိဒေသနှင့်မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိကြသည်။ တည်ငြိမ်အေးချမ်းလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်ပြည်မ ဒေသအားလုံးတွင် တိုင်းရင်းသားပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်နေသည့် လူမှုစီးပွားရေးဘဝများက အထင်အရှားဖြစ်ထွန်းလျက်ရှိသည်။

ယင်းအခြေအနေအရပ်ရပ်သည်ပင်လျှင် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်နှင့် တပ်ဖွဲ့ဝင်အင်အား ၈၄၈ဦး တို့သည် ယင်းတို့ဒေသနှင့် ယင်းတို့၏လူမျိုးများ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ရေးတို့အတွက် ထက်မြက်ရှင်သန်သော အမျိုးသားရေးစိတ်ဓာတ်နှင့် နိုးကြားတက်ကြွသော ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်မှာ ယုံမှားသံသယဒွိဟဖြစ်ဖွယ်ရာမရှိပေ။ မည်သည့်ဖိအားပေးမှု၊ ခြိမ်းခြောက်မှု၊ သွေးဆောင်မှုမျှမပါဝင်ဘဲ "အဖြူ"ထည်ဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် "အနက်"ရောင်ဖြစ်သော လက်နက်ကိုင် ဆူပူသောင်းကျန်းမှုအား ရိုးသားစွာ စွန့်လွှတ်ကျောခိုင်းလိုက်ခြင်းဖြစ်သည်ကို ယင်းတို့၏ ပွင့်လင်းပြတ်သားသော သဘောထားအမြင်တို့က အခိုင်အမာ သက်သေတင်လိုက်ပြီဖြစ်သည်။

အချုပ်အားဖြင့် ဆိုရလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟူသော "အဖြူ"ထည်ပေါ်တွင် လက်နက်ကိုင်ဆူပူသောင်းကျန်းမှု ဟူသော "အနက်"ရောင်ကို စွန်းထေးပေကျံစေပြီး ပြည်ထောင်စုကြီးကို ပြိုကွဲစေရန် လုပ်ကြံဖန်တီးနေကြသည့် နယ်ချဲ့ကိုလိုနီလက်သစ် လက်ဟောင်းများနှင့် ယင်းတို့၏သြဇာခံ ပြည်တွင်းပြည်ပ အဖျက်သမားသောင်းကျန်းသူများအပါအဝင် အမျိုးသားသစ္စာဖောက်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ဆန့်ကျင်ဖယ်ရှားချေမှုန်းကြပါစို့ ဟု အလေးအနက်ဆန္ဒပြုလိုက်ပါသည်။ ။

စွမ်းရည်ပြစိုက်ပျိုးမှု ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း သဲကုန်း မြို့နယ် မိုးစပါး ရေတော်မိုးတော် ကွင်းပိတ်ပွဲနှင့် စိုက်စနစ် စွမ်းရည် ပြပွဲတွင် စွမ်းရည်ပြ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ပန်းတိုင်အထွက်တိုးရရှိစေရေး နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက် စိုက်ပျိုးဧကများ ထပ်မံတိုးချဲ့ပြီး သီးထပ်သီးညှပ်စိုက်ပျိုး ဒေသစီးပွား တိုးတက်ဖွံ့ဖြိုးစေရန် အင်တိုက်အားတိုက်စွမ်းဆောင်

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ရက် နံနက် ၇နာရီတွင် နေပြည်တော်မှ ပြည်မြို့သို့ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီတွင်ရောက်ရှိကြပြီး ခေတ္တရာရိပ်သာခန်းမ၌ တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များအား တွေ့ဆုံ၍ မိုးသီးနှံစိုက်ပျိုးမှုလုပ်ငန်း၊ မြစ်ရေကြီးမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ တည်ဆောက်ပြီးစီးသည့် တမံများအား ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း တိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက ပဲခူးတိုင်းအတွင်း ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးဧက သိန်း၃၀စိုက်ပျိုးရန် လျာထားဆောင် ရွက်နေမှု၊ တည်ဆောက်ပြီးနှင့် တည် ဆောက်ဆဲ ရေလှောင်တမံများ၏ လက်ရှိ ရေဝင်ရောက်မှု အခြေအနေ၊ မြစ်ရေကြီးမှုနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက် ရေးဆွဲ ဆောင်ရွက်နေမှုနှင့် စီမံကိန်းဝင်သီးနှံ စိုက်ဧကလျာထားချက်နှင့် စိုက်ပျိုး ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

လျာထားဆောင်ရွက်

ဆက်လက်၍ တိုင်းဆည်မြောင်း ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဆီဇာခိုက ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ ရေလှောင် တမံများ၏အခြေအနေနှင့် ရေသို လှောင်ထားနိုင်မှု၊ ပြည်ခရိုင်နှင့်သာ ယာဝတီခရိုင်အတွင်း ဧရာဝတီမြစ်ရေ ကြီးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ကမ်းပတ်တာများကြံ့ခိုင်ရေးအတွက် ဆောင်ရွက်မှုနှင့် ကမ်းပတ်တာအသစ် တည်ဆောက်မှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ် ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်က ၂၀၀၅-၂၀၀၆ခုနှစ်တွင် အဓိကသီးနှံ ၁၀မျိုးအနက် သီးနှံရှစ်မျိုး ပန်းတိုင် အထွက်နှုန်းရရှိမှု၊ ၂၀၀၆-၂၀၀၇ခုနှစ် တွင် ပန်းတိုင်အထွက်နှုန်းရရှိရန်လျာ ထားဆောင်ရွက်မှုအခြေအနေများကို လည်းကောင်းရှင်းလင်းတင်ပြကြသည်။

အားစိုက်ခွန်စိုက်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး မိုးစပါး လျာ ထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိ ရေး၊ တည်ဆောက်ပြီးဆည်များတွင် ကျန်ရှိသည့် ရေသွယ်လက်တံမြောင်း များပြီးစီးရေး၊ ရေကြီးရေလျှမ်းမှု ဖြစ် စေနိုင်သည့် ဧရာဝတီမြစ်၏ရေအမှတ် များကို အမြဲတစေ ဂရုပြုတိုင်းထွာ လေ့လာရေး၊ တာတမံများကျိုးပေါက် မှုမဖြစ်စေရန် ကြိုတင် စီမံချက်များ ရေးဆွဲ ဆောင်ရွက်ထားရှိရေး၊ စီမံ ကိန်းသီးနှံများ လျာထားဧက ပြည့်မီ ကျော်လွန်စေရန်နှင့် ပန်းတိုင်အထွက် တိုး ရရှိစေရေးအတွက် နည်းလမ်း လေးသွယ်ဖြင့် အားစိုက်ခွန်စိုက်ဆောင် ရွက်ကြရေး မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ် ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ပန်းတောင်း မြို့နယ် ချင်းရွာကြီးအနီးရှိ ခဝါရေ လှောင်တမံသို့သွားရောက်ပြီး ရှင်း လင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခဝါရေလှောင်တမံမှ ရေပေးဝေရန် လျာထားချက်ပြည့်မီအောင် ဆောင် ရွက်ရေး၊ ရေလှောင်ပမာဏကိုထိန်းညှိ ဆောင်ရွက်ရေးမှာကြားပြီး ရေလှောင် တမံကို ရှုရပ်မှကြည့်ရှုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ပုသိမ်-မုံရွာလမ်း မိုင်တိုင်(၂၃/၁) သို့ ရောက်ရှိပြီး လမ်းကြံ့ခိုင်မှု အခြေအနေ ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နဝဒေးတံတားကို ရောက်ရှိကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရွှေတောင်မြို့နယ် ဧက၁၀၀ ခြံစည်း ရိုးကြက်ဆူပင် စိုက်ခင်းသို့လည်း ကောင်း၊ သဲကုန်းမြို့နယ် ခြံစည်းရိုး ကြက်ဆူပင် ဧက ၁၀၀ စိုက်ခင်းသို့ လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ပဲခူးတိုင်း (အနောက်ပိုင်း)၌ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရန် ဧက ၃၆၀၀၀ လျာထားရာ ဧက ၂၁၀၀၀ စိုက်ပျိုး ပြီးဖြစ်ကြောင်းနှင့် ရာသီကုန်တွင် သတ်မှတ်ဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရွာသာကုန်းကျေးရွာသို့ရောက်ရှိပြီး သဲကုန်းမြို့နယ် မိုးစပါး ရေတော် မိုးတော်ကွင်းပိတ်ပွဲနှင့် စိုက်စနစ် စွမ်းရည်ပြပွဲ အခမ်းအနားသို့ တက် ရောက် ကြည့်ရှုအားပေးကြသည်။

ရွာသာကုန်း ကျေးရွာအုပ်စုရှိ လယ်မြေများမှာ ယခင်ကရေကြီးကွင်း များဖြစ်ပြီး ဩဂုတ်လကုန်မှသာ စပါး စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ နိုင်ငံ တော်၏ အစီအမံဖြင့် ရေနုတ်မြောင်း များ ဖောက်နိုင်ခဲ့၍ အချိန်စောပြီး ဇူလိုင်လတွင် ရေတော်မိုးတော် ထွန် တုံးပိတ် စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း နှင့် သဲကုန်းမြို့နယ်တွင် မိုးစပါးစိုက် ဧက ကိုးသောင်းငါးထောင်ရှိသည့် အနက် ရေတော်မိုးတော် စပါး စိုက် ဧက ငါးသောင်းခြောက်ထောင် ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရ သည်။

တက်ရောက်အားပေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နတ်တလင်းမြို့နယ် သဲချောင်းအုပ်စု၊ သဲချောင်းကျေးရွာ တောင်သူ ဦးသောင်းကျင်၏ စံပြကွက်တွင် ပြုလုပ်သည့် စပါး၊ ပဲ၊ စပါး(တတိယ သီးနှံ)နံ့ကပ်ရိတ်သိမ်းနည်း သရုပ်ပြ ပွဲသို့ တက်ရောက်အားပေးသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ယခုနှစ်ပဲခူးတိုင်း တွင် မိုးစပါးဧကသိန်း ၃၀ စိုက်ပျိုး နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ပိုင်းကလည်း လိုအပ်သည့် ပံ့ပိုးမှုများစီမံဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ တစ်သီးစားမှ နှစ်သီးစား ၊ သုံးသီးစား စိုက်ပျိုးနိုင်ရေးကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် ပန်းတိုင်အထွက် နှုန်း ရရှိစေရန်လိုကြောင်း၊ အလားတူ လောင်စာဆီရှားပါးမှုကို အထောက် အကူပြုပေးနိုင်ရန် ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူ ပင်များကို လျာထားချက်အတိုင်း စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က စီမံကိန်းချမှတ်ဆောင် ရွက်ပေးခြင်း၊ လိုအပ်သည်များပံ့ပိုး ပေးခြင်းများ ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံ တောင်သူများအနေဖြင့်လည်း မိမိ အကျိုးနှင့် တိုင်းပြည်အကျိုး ရှေးရှု၍ တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက် လိုကြောင်းဖြင့် ပြောကြား သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် နတ် တလင်းမြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် တတိယသီးနှံ၊ စပါး၊ နံ့ကပ်ရိတ်သိမ်း မှုတို့ကို ကြည့်ရှုအားပေးကြသည်။

နတ်တလင်းမြို့နယ်တွင် မတ်ပဲ နှင့် ပြည်မြန်မာ MR(9) နွေစပါး မျိုးများကို စိုက်ပျိုးခြင်းဖြင့် သုံးသီး စိုက်ပျိုးနိုင်ခြင်းဖြစ်ပြီး မြို့နယ်အတွင်း သုံးသီးစိုက် (မိုးစပါး၊ ပဲ၊ နွေစပါး) ၄၁၄၇ ဧက စိုက်ပျိုးနိုင်ကြောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)တွင် ၁၄မြို့ နယ်ရှိသည့်အနက် မိုးညိုမြို့နယ်မှအပ ကျန် ၁၃မြို့နယ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ်၌ သုံးသီးစိုက် ဧကသုံးသောင်း ခုနစ်ထောင်ကျော်စိုက်ပျိုးနိုင်ပြီး၂၀၀၆- ၂၀၀၇ ခုနှစ်တွင် ဧကခုနစ်သောင်း ကျော်တိုးချဲ့ စိုက်ပျိုးသွားရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌဦးအောင်တင်က မြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကို ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း က တင်ပြချက်များအပေါ်လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံ တော် စီးပွားရေးကိုအထောက်အကူပြု နေသည့် အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည် သီးနှံသုံးမျိုး၊ အမယ်သစ်သီးနှံသုံးမျိုး နှင့် ဒီဇယ်ဆီအစားထိုး အသုံးပြုနိုင် သည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး ရေးတို့အား စီမံချက်နှင့်အညီ ဧက ပြည့်အောင် စိုက်ပျိုးနိုင်ရေးကိုလည်း အောက်ခြေအထိဆင်း၍ ဆောင်ရွက် ကြရန်လိုအပ်ကြောင်း၊ ပန်းတိုင်အ ထွက်တိုးရရှိစေရန်နည်းလမ်း လေး သွယ်ဖြင့်ဆောင်ရွက်ပြီး စိုက်ဧက များတိုးချဲ့ခြင်း၊ သီးထပ်သီးညှပ်စိုက် ပျိုးခြင်းများ ဆောင်ရွက်၍ လူတစ် ဦးချင်းဝင်ငွေတိုးတက်စေရန်နှင့် ဒေသ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရန် အင်တိုက်အားတိုက်ဆောင်ရွက်သွား ကြရန်လိုအပ်ကြောင်း၊ မွေးမြူရေး ကဏ္ဍတွင်လည်း တိုးချဲ့၍ အင်တိုက် အားတိုက်မွေးမြူဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ကြောင်းဖြင့် ပြော ကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၅

ရွှေပြည်သာမြို့နယ် အနာဂါမ် ဆရာသက်ကြီးဝိပဿနာအဖွဲ့က ကြီးမှူးလျက် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာ တော် ဦးကုမာရ၏ မေတ္တာရိပ်ကိုခိုလှုံ ၍ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဝဏ္ဏိတနှင့် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)တို့ ဦးဆောင်သော မြန်မာလဆန်း ၈ရက် တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် အကြိမ် (၇၀)မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာခုနစ်ရက်တရားစခန်းကို အုတ်ဖိုစုရပ် မြသိန်းတန်ကျောင်း တိုက်ရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဩဂုတ်၁ရက် နံနက် ၉နာရီတွင် ဖွင့်လှစ်မည်ဖြစ် သည်။

တရားစခန်းဝင်လိုသောယောဂီများ သည် ဖုန်း-၆၁၀၈၇၉၊ ၆၁၀၇၁၃၊ ၆၁၀၈၉၃ တို့သို့ ဆက်သွယ်စာရင်း သွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့် မည့်နေ့တွင် နံနက်၇နာရီထက် နောက် မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည် လမ်းရှိ မင်္ဂလာဇျူပြာအသင်းချုပ်သို့ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ဗ)**

သဃ်န်းကျွန်းမြို့နယ် ပြည်ခိုင်ဖြိုးအသင်းကြီးမှူး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်း ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့က ကြီးမှူး၍ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)အသင်းဝင် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ အသင်းဝင်ကျောင်းသူ ကျောင်းသားများ စုပေါင်း၍ ဝါဆို သင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက်က သွားဘက် ဆိုင်ရာဆေးတက္ကသိုလ် ဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာဆရာမများ၊ အသင်းဝင်း ကျောင်းသားကျောင်းသူများ၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ ဆရာ ဆရာမ များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ တိုင်း၊ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား၇၀၀ကျော်တို့ တက်ရောက်ပြီး ဆရာတော် သံဃာတော် များအား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ ကြသည်။ **(ဝ၅၂)**

ရေအခက်အခဲမဖြစ်စေရေး လျာထားကာလအတွင်း ပြီးစီးအောင်စိုက်ပျိုး စိုက်ပြီးအပင်များ အလေအလွင့်မရှိဘဲ ရှင်သန်ဖြစ်ထွန်းရေးထိန်းသိမ်း

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုး ကြက်ဆူစိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး (အပေါ်ပုံ) **တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများသည် နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စု ရွှေပြည်ကျေးရွာအနီးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုး ကြက်ဆူ စိုက်ခင်းဧက ၁၅၀၀ သို့ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများက တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရန် မြေနေရာရရှိမှု၊ မြေပြုပြင်ပြီးစီးမှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းစီမံဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးက စိုက်ပျိုးရေ အခက်အခဲမဖြစ်စေရေးအတွက် စိုက်ပျိုးရန်လျာထားကာလအတွင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးအောင် ဆောင်ရွက်ကြရန်၊ စိုက်ပျိုးပြီးအပင်များ အလေအလွင့်မရှိဘဲ ရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ခွဲဝေရရှိထားသည့် မြေနေရာသာမက စိုက်ပျိုး၍ရနိုင်သည့် မြေလွတ်မြေလပ်များ၌လည်းတိုးချဲ့စိုက်ပျိုးကြရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုး ကြက်ဆူစိုက်ခင်းနှင့် မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးသည် မှော်ဘီမြို့နယ်နှင့်ထောက်ကြန့်မြို့နယ်တို့ လမ်းအသုံးပြုခကောက်ခံရေး စခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုတ်ကုန်ပစ္စည်းများ အလေအလွင့်မရှိရေးဆောင်ရွက် အရောင်းဆိုင်များလိုအပ်ချက်နှင့်အညီထုတ်လုပ်

ရန်ကုန် ဇူလိုင် ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့မွန်းလွဲ၂နာရီခွဲက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ဓာတုဗေဒ ပစ္စည်းစက်ရုံရှိ ဆိပ်ကမ်းသို့ရောက်ရှိ၍ ဇက်ရေယာဉ်နှင့်သင်္ဘောများဆိုက်ကပ်နိုင်မည့် ဆိပ်ခံတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် သဲနှင့်ကျောက်မှုန့်ကြိတ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ပြုပြင်ထိန်းသိမ်းရေးဌာနကိုလည်းကောင်း၊ စက်ရုံဝင်းအတွင်းရှိ ကွန်တင်နာများထားရှိမည့် မြေနေရာကိုလည်းကောင်း၊ ဆပ်ပြာကုန်ကြမ်းထည့်သွင်းသည့် တိုင်ကီများကိုလည်းကောင်း၊သက်သာ ဆပ်ပြာမှုန့် ထုပ်ပိုးခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ဆပ်ပြာမှုန့်ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ထုတ်ကုန်ပစ္စည်းများ အလေအလွင့်မရှိရေး၊ ဝင်းသူဇာ အရောင်းဆိုင်များ၏ လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ပေးပို့ရေးတို့ကို မှာကြားသည်။

စက်များအမြန်တပ်ဆင်

ထိုမှ တစ်ဆင့် ဝန်ကြီးသည် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ ရွှေကျီးလမ်းရှိမြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ကုန်ထုတ်စက်ကွင်းစက်ရုံသို့ ရောက်ရှိ၍ စက်များ၏ တပ်ဆင်မှုနှင့် ပြီးစီးမှု အခြေနေများကို ကုန်ထုတ်လုပ်မှုတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကာ စက်များအမြန်တပ်ဆင်၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သွားရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်နက်ချ အလင်းဝင်ရောက်လာသည့် တမန်တော်တပ်ဖွဲ့ခေါင်းဆောင် ဂျော်နီတူးဦးစီး ၁၀ ဦးအား တွေ့ရစဉ်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

လက်နက်ခဲယမ်းများ

တမန်တော်တပ်ဖွဲ့ခေါင်းဆောင် ဂျော်နီတူးဦးစီး ၁၀ ဦးတို့ ယူဆောင်လာသော လက်နက်ခဲယမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ကျည်ကတ်တစ်ခု၊ ၎င်းကျည်တောင့် ၃၀၊ အမေရိကန်လုပ် အမ်-၁၇ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့်လည်းကောင်း လက်နက်ချ အလင်းဝင်ရောက်ခဲ့ကြသည်။

အလင်းဝင်ရောက်

ဂျော်နီတူးနှင့်အတူ အလင်းဝင်ရောက်လာကြသည့် အဖွဲ့ဝင်ရှစ်ဦးမှာ စည်းရုံးရေးတပ်ခွဲမှူးအဆင့်ရှိ ဖူးဂေါ်၊ ရုံးထိုင် တပ်ခွဲမှူးအဆင့်ရှိ စောလဲထူး၊ ရိက္ခာနှင့် ပို့ဆောင်ရေးတာဝန်ခံ အဆင့်ရှိ ခွန်ဖ၊ တပ်ကြပ်အဆင့်ရှိ စောကျေးခူ၊ ဒုတပ်ကြပ်အဆင့်ရှိ စောနေတူး၊ ဆေးတပ်သားစောဒို၊ တပ်သားစောအယ်ရှဲနှင့် တပ်သားစောလူတို့ဖြစ်ပြီး ၎င်းတို့သည် တစ်ဖက်နိုင်ငံရှိ ခလော့ခနီဒုက္ခသည်စခန်းမှ ဇူလိုင် ၁၃ ရက်တွင် ထွက်ခွာ၍ မိမိ တပ်စခန်းသို့ အလင်းဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

လှိုက်လှဲစွာကြိုဆို

ယခုကဲ့သို့ အမြင်မှန်၊ အသိမှန်ဖြင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး အလင်းဝင်ရောက်လာသည့် တမန်တော်တပ်ဖွဲ့ (God Army) သောင်းကျန်းသူအဖွဲ့မှ ဂျော်နီတူး ဦးစီးအဖွဲ့ဝင်များအား နယ်မြေခံတပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာကြိုဆို၍ လိုအပ်သည်များ ပံ့ပိုး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အလားတူ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လိုသော တိုင်းရင်းသား အဖွဲ့များလည်း ရှိနေကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဘဏ်လုပ်ငန်းဆောင်ရွက်မှုတိုင်း မှန်ကန်မြန်ဆန် ထိရောက်ရန် ဘဏ်နှင့်ဆက်သွယ်သူပြည်သူများအပေါ် ချိုသာပျူငှာစွာ ဆက်ဆံ

နေပြည်တော် ဇူလိုင် ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နေ့လယ်ပိုင်းက ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ရောက်ရှိစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်မန်နေဂျာ၊ သက်ဆိုင်ရာ ဌာနခွဲမန်နေဂျာများက ငွေစုဘဏ်လုပ်ငန်း၊ဘဏ်ငွေလွှဲလုပ်ငန်း၊ ဌာနဆိုင်ရာ ငွေပေးအမိန့် ချလန်လုပ်ငန်းများအပါအဝင် ဘဏ်လုပ်ငန်းအဝဝဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဌာနအလိုက် လိုက်လံကြည့်ရှုစစ်ဆေးကာ ဘဏ်လုပ်ငန်း ဆောင်ရွက်မှုတိုင်းသည် မှန်ကန်မြန်ဆန်စွာဖြင့် ထိရောက်ထက်မြက်ရမည်ဖြစ်ကြောင်း၊ ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများနှင့် ဆက်ဆံရာတွင် ချိုသာပြေပြစ်မှု ရှိရမည်ဖြစ်ကြောင်း၊ ဘဏ်တွင်း ဘဏ်ပြင် သန့်ရှင်းသပ်ရပ်စေရေး ဂရုပြုဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

သစ္စာစောင့်သိ

ဆက်လက်၍ ဝန်ကြီးသည် ပျဉ်းမနားမြို့ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ရောက်ရှိစစ်ဆေးရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆန်းထွန်းနှင့်ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများက ခရိုင်အလိုက်၊ မြို့နယ်အလိုက် အခွန်ငွေ လျာထားသတ်မှတ်ချက်နှင့် လျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက အခွန်ထမ်းဆောင်သူ ပြည်သူများကို အခွန်လုပ်ထုံးလုပ်နည်းများ၊ အခွန်အခြေခံသတ်မှတ်မှုများကို ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန်ပြောဆိုစည်းရုံးသွားရန်၊ ဌာနအဆင့်ဆင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ်သစ္စာရှိစွာ ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်ကြရန်မှာကြားသည်။

ရှင်းရှင်းနှီးနှီး

ထို့နောက်ဝန်ကြီးသည် လယ်ဝေးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ရောက်ရှိစစ်ဆေးရာ ဘဏ်ခွဲမန်နေဂျာက ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဘဏ်နှင့်ဆက်သွယ်သူပြည်သူများအပေါ် ချိုသာပျူငှာစွာ ဆက်ဆံကြရေး၊ ဘဏ်လုပ်ငန်းဆောင်ရွက်မှုအလေ့အထ တိုးတက်လာစေရန်ပညာပေးစည်းရုံးဆောင်ရွက်သွားရေး မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် ဘဏ်နှင့်ဆက်သွယ်သူ တောင်သူဦးကြီးများကို ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လယ်ယာလုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ်ဝန်ဆောင်မှုနှင့် ငွေကြေးပံ့ပိုးပေးမှု အခြေအနေများမေးမြန်းပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ပြည့်မီကျော်လွန်

ဆက်လက်၍ဝန်ကြီးသည် လယ်ဝေးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိရာ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များ၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လျာထားချက် ပြည့်မီ ကျော်လွန်စေရေး၊ ရသင့်ရထိုက်သည့်အခွန်ငွေများပြည့်ဝမှန်ကန်စွာ ရရှိရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အလေးထား

ထို့နောက်ဝန်ကြီးသည် လယ်ဝေးမြို့နယ် မြန်မာ့အသေးစားချေးငွေလုပ်ငန်းသို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးက ငွေရေးကြေးရေးကဏ္ဍတွင် ဒေသခံပြည်သူများအတွက်အထောက်အကူတစ်ခုဖြစ်စေရေး အလေးထား ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေတို့ ပျဉ်းမနားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(ဘဏ္ဍာ/အခွန်)

ဇူလိုင် ၂၅ရက် မိုးရွာသွန်းလေသမျှ

သံတွဲ	၃ ဒသမ ၁၁ လက်မ
ကိုကိုးကျွန်း	၃ ဒသမ ၀၇ လက်မ
ဇန်းမော်	၂ ဒသမ ၀၅ လက်မ
ထားဝယ်	၁ ဒသမ ၀၇ လက်မ
လားရှိုး	၁ ဒသမ ၆၂ လက်မ
ရွှေဘို	၁ ဒသမ ၁၈ လက်မ

၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ တပ်မတော်(ကြည်း) အနိုင်ရဗိုလ်စွဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ ပထမတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေ ၃နာရီက အောင်ဆန်းအားကစား ပြိုင်ဝင်း၌ ကျင်းပရာ တပ်မတော်(ကြည်း)အသင်းက Royal Eleven အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုဖလားကြီးကို ဆွတ်ခူးသွားသည်။

သရေဖြစ်

ပထမပိုင်းတွင် Royal Eleven အသင်း ပွဲစလျှင် အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားရာ ၅ မိနစ်တွင် ရှေ့တန်းမှ စိုးကျော်သူက ကန်သွင်းယူ၍ ဂိုးစတင်ရရှိသွားသည်။ ၃–၅–၂ ကို အခြေခံ ကစားသည့် တပ်မတော်(ကြည်း)အသင်းသည် ဂိုးပေးလိုက်ရသော်လည်း ချေပဂိုးရရှိရေးအတွက် ပြန်လည်ထိုးဖောက်ကစားရာ ၃၉ မိနစ်တွင် အောင်ချမ်းမင်း ခေါင်းတိုက်သွင်းယူ၍ ချေပဂိုး ရရှိပြီး ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် တပ်မတော်(ကြည်း)အသင်းသည် ဘောလုံးပိုင်ဆိုင်မှု ထိုးဖောက်မှုအားကောင်းလာပြီး မိနစ် ၅၀ တွင် သက်နိုင်ကန်သွင်းယူ၍ တပ်မတော်(ကြည်း) ဒုတိယဂိုးနှင့် အနိုင်ဂိုးရရှိသွားသည်။ Royal Eleven အသင်း ဂိုးသမားကောင်းလွန်း၍ ဂိုးထပ်မပေးရခြင်းဖြစ်သည်။ Royal Eleven အသင်း ဒုတိယဂိုးပေးလိုက်ပြီးနောက် တိုက်စစ်မှူး မာလဦးဆောင်၍ ထိုးဖောက်ကစားသော်လည်း တပ်မတော်(ကြည်း) အလယ်တန်းနှင့်နောက်တန်း ဖျက်ထုတ်မှုတို့နှင့် ကြုံတွေ့ရပြီး အရှုံးနှင့်ရင်ဆိုင်သွားရခြင်းဖြစ်သည်။

ပေးအပ်ချီးမြှင့်

ပွဲအပြီးတွင် ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဒုတိယဆုရရှိသွားသော Royal Eleven အသင်းအား ဆုတံဆိပ်နှင့် ငွေသားကျပ်သုံးသိန်းကိုလည်းကောင်း၊ ပထမဆုရရှိသွားသောအသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုတံဆိပ်၊ ငွေဖလားနှင့် ငွေသားကျပ်ငါးသိန်းပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ ပထမတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဗိုလ်စွဲသွားသော တပ်မတော်(ကြည်း)အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုဖလားချီးမြှင့်စဉ်။

ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ တတိယနေ့ ပွဲစဉ်များယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၆ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲများ၌ (ဃ)အုပ်စုတွင် ကချင်က ကယားကို ၆၉မှတ်–၄၀မှတ်ဖြင့်လည်းကောင်း၊ (က) အုပ်စုတွင် ရှမ်းတောင်က မွန်ကို ၆၅ မှတ်–၃၁ မှတ်ဖြင့်လည်းကောင်း၊ ရခိုင်က မကွေးကို ၅၆မှတ်–၄၅မှတ်ဖြင့် လည်းကောင်း၊ (ခ)အုပ်စုတွင် ရန်ကုန်က စစ်ကိုင်းကို ၅၁မှတ်–၃၇ မှတ်ဖြင့်လည်းကောင်း၊ (ဂ)အုပ်စုတွင် မန္တလေးက ပဲခူးကို ၆၉မှတ်–၂၈ မှတ်ဖြင့်လည်းကောင်းအနိုင်ရရှိသွားသည်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီးပြိုင်ပွဲ(ခ)အုပ်စုတွင် မွန်က ရှမ်းမြောက်ကို ၁၉ မှတ်–၁၅မှတ်ဖြင့်လည်းကောင်း၊ (က)အုပ်စုတွင် ရှမ်းတောင်က မန္တလေးကို ၅၃ မှတ်–၂၄မှတ်ဖြင့် လည်းကောင်း၊ (က)အုပ်စုတွင် စစ်ကိုင်းက မကွေးကို ၇၄ မှတ်–၁၆မှတ်ဖြင့်လည်းကောင်း၊ (ခ)အုပ်စုတွင် ရန်ကုန်က မွန်ကို ၇၂ မှတ်–၁၉ မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

(မြန်မာ့အလင်း)

အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာ ရွှေနှင့်ကြေးတံဆိပ်ဆွတ်ခူး

ရန်ကုန် ဇူလိုင် ၂၅

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇူလိုင် ၂၁ ရက်မှ ၂၇ရက်အထိ ကျင်းပလျက်ရှိသော ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ၌ မြန်မာ့မြားပစ်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ဇူလိုင် ၂၄ ရက်ပွဲစဉ်များ အပြီးတွင် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

မြန်မာ့မြားပစ်အဖွဲ့အတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို တင်ဇင်အိ **(အပေါ်ဝဲပုံ)**က မီတာ ၅၀ အမျိုးသမီး Compound တစ်ဦးချင်းပြိုင်ပွဲတွင် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ တင်ဇင်အိသည် မြား ၃၆ ချောင်းပစ်ခတ်ရာတွင် ၃၃၉ မှတ်ဖြင့် ဆုတံဆိပ်ရရှိခဲ့ခြင်းဖြစ်သည်။ ကြေးတံဆိပ်ဆုကို ရဲမင်းဆွေက မီတာ ၃၀ အမျိုးသား Compound တစ်ဦးချင်းပြိုင်ပွဲတွင် ရရှိခဲ့ခြင်းဖြစ်သည်။ မြား ၃၆ချောင်း ပစ်ရာ၌ ၃၅၇မှတ် ရရှိခဲ့သည်။

ယခု ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲသို့ ကမ္ဘာ့ထိပ်သီး၊ အာရှ ထိပ်သီးနှင့် အရှေ့တောင်အာရှထိပ်သီးနိုင်ငံများအပါအဝင် နိုင်ငံပေါင်း၁၉နိုင်ငံမှ Recurve ပြိုင်ပွဲတွင် အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၄၁ ဦး၊ Compound ပြိုင်ပွဲတွင် အမျိုးသား ၃၀၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၁၅၇ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိသည်။ ပြိုင်ပွဲဝင်အသင်းများမှာ ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဘူလ်တန်၊ မြန်မာ၊ အိမ်ရှင်မလေးရှား၊ ဖိလစ်ပိုင်၊ ဆော်ဒီအာရေဗျ၊ အီရန်၊ ကာဇက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ကာတာနှင့် ဩစတြေးလျတို့ဖြစ်ကြသည်။ ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

(မြန်မာ့အလင်း)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဇူလိုင် ၂၅

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂၆ ရက် ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်ဟု သက်ဆိုင်ရာမှ သတင်းရရှိသည်။ (မြန်မာ့အလင်း)

ကမ္ဘာ့ဘောလုံးသတင်းနောက်ဆုံးဖြစ်ရပ်များ

ကမ္ဘာ့ဘောလုံးသတင်းများ၏ နောက်ဆုံးဖြစ်ပေါ်လျက်ရှိသည့် သတင်းဂယက်များကို မြန်မာ့အလင်း ပရိသတ်ကြီးအတွက် စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဘရာဇီးအသင်းနည်းပြ ဒွန်ဂါဖြစ်ပြီ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲဝင် ဘရာဇီးအသင်း ကွာတားဖိုင်နယ်မှ အိမ်ပြန်ခဲ့ရသဖြင့် ဘရာဇီးနည်းပြပရဲရား နုတ်ထွက်သွားခဲ့သည်။ ဘရာဇီးနည်းပြအဖြစ် အမျိုးမျိုးသော သတင်းထုတ်ပြန်ချက်များ ထွက်ပေါ်နေခဲ့ရာမှ ဘရာဇီးဘောလုံးအဖွဲ့ချုပ်(စီဘီအက်ဖ်) ဥက္ကဋ္ဌ ရီကာဒိုတေဆေးရာက ဘရာဇီးနည်းပြအဖြစ် ဒွန်ဂါ **(အပေါ်ပုံ)** အား ရွေးချယ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ဒွန်ဂါသည် အသက် ၄၂ နှစ်အရွယ်ရှိပြီး ဘရာဇီးအသင်း၏ ကပ္ပတိန်ဟောင်းတစ်ဦးလည်း ဖြစ်သည်။ ယခင်က ဘောလုံးနည်းပြအဖြစ် တစ်ကြိမ်တစ်ခါမျှ တာဝန်ယူခဲ့ဖူးသူတစ်ဦးလည်း မဟုတ်ချေ။ ဒွန်ဂါအား ဘရာဇီးနည်းပြအဖြစ် ရွေးချယ်ခဲ့ခြင်းနှင့်ပတ်သက်၍ ဘရာဇီးဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရီကာဒိုတေဆေးရာက ဘရာဇီးဘောလုံးပရိသတ်များ၏ဆန္ဒကို ဒွန်ဂါအနေဖြင့် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အတူ ဒွန်ဂါကလည်း မိမိအနေဖြင့် ဘောလုံးသမားတစ်ယောက်ဖြစ်ခဲ့သလို နည်းပြတစ်ဦးလည်းဖြစ်ခဲ့ခြင်းကြောင့် ဘရာဇီးအသင်းအောင်မြင်မှုရရန် အတတ်နိုင်ဆုံးကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒွန်ဂါသည် ဘရာဇီးအသင်းအား ပထမဆုံးပွဲစဉ်အဖြစ် နော်ဝေအသင်းနှင့် ဩဂုတ် ၁၆ ရက်၌ကစားမည့် ချစ်ကြည်ရေးပွဲ၌ နည်းပြအဖြစ် စတင်ကိုင်တွယ်ရမည်ဖြစ်သည်။ ဒွန်ဂါသည် ၁၉၉၀၊ ၁၉၉၄ နှင့် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပွဲတို့တွင် ဘရာဇီးအသင်းကို ဦးဆောင်ကစားခဲ့သူဖြစ်သည်။

စီရိုနယ်ဒိုအား ကြိုက်ဈေးပေးမည်ဟု ဗလင်စီယာဥက္ကဋ္ဌပြောကြား

မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုအား ဈေးနှုန်းတစ်ခုခုသတ်မှတ်လိုက်ရန်၊ ဈေးနှုန်းမှာ ကြိုက်သည့်ဈေးနှုန်း သတ်မှတ်ရန် ဗလင်စီယာအသင်းဥက္ကဋ္ဌ ဂျွန်ဆိုလာက မန်ယူအသင်းအား စိန်ခေါ် ပြောကြားလိုက်သည်။

စီရိုနယ်ဒို၏ ကစားပုံကို မိမိတို့ အချိန်ယူကြည့်ရှုလေ့လာပြီးဖြစ်ကြောင်း၊ မန်ယူမှထွက်ခွာလိုသော ဆန္ဒရှိနေသည့် စီရိုနယ်ဒိုအား မန်ယူတို့ကြိုက်ဈေးသတ်မှတ်နိုင်ကြောင်း၊ မိမိတို့ဝယ်ယူမည်ဖြစ်ကြောင်း ဂျွန်ဆိုလာက ပြောကြားလိုက်သည်။

ကမ္ဘာတစ်လွှား အားကစား

ဗလင်စီယာကခေါ်မည့် စီရိုနယ်ဒို။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ရွန်နေ အနီကတ်ပြ အထုတ်ခံခဲ့ရမှုနှင့်ပတ်သက်၍ ပရိသတ်များ၏ ဖိအားပေးမှုကို ခံစားနေရသော စီရိုနယ်ဒိုအတွက် ကလပ်အသင်းအများအပြားက အလုအယက်ခေါ်ယူရန် စိုင်းပြင်းလျက်ရှိသည်။ သို့သော် စီရိုနယ်ဒိုအနေဖြင့် မန်ယူအသင်း၌ဆက်လက်ကစားရန် လောလောဆယ်၌ရှိနေသည်။

ဒိုင်အုပ် ချာလ်တန်သို့ပြောင်းရွှေ့မည်

ဆီနီဂေါ ကွင်းလယ်ကစားသမားနှင့် ပို့စ်မောက်ဘောလုံးသမားတစ်ဝက်ခန့် ဒဏ်ရာများနှင့် လုံးထွေးခဲ့ရသဖြင့် ပွဲစဉ်အချို့၌ ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ချေ။

ယခုအခါ ဒိုင်အုပ်အနေဖြင့် ချာလ်တန်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆက်သွယ်မှုများပြုလုပ်နေပြီး ဖြစ်ကြောင်း ဒိုင်အုပ်၏ကိုယ်စားလှယ်ဖြစ်သူက ပြောကြားခဲ့သည်။ ဒိုင်အုပ် ပြောင်းရွှေ့ကစားမှုနှင့် ပတ်သက်၍ ယခု သီတင်းပတ်အတွင်း ပြီးပြတ်ဖွယ်ရှိသည်။

မက္ကဆီကိုတိုက်စစ်မှူး ဘော်ဂတ်တီ

မက္ကဆီကိုတိုက်စစ်မှူးနှင့် ဘော်လ်တန်တိုက်စစ်မှူးဖြစ်သူ ဘော်ဂတ်တီက လာမည့်ဘောလုံးရာသီတွင် မိမိမည်သို့ အနေအထားဖြင့် ကစားနိုင်သည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြီးခဲ့သည့် ပရီမီယာလိဂ်စ်ဘောလုံးရာသီ၌ အရန်ခုံပေါ်တွင်သာ ထိုင်နေရသော ဘော်ဂတ်တီက မိမိအနေဖြင့် ပုံမှန်ကစားခွင့်မရလျှင် အသင်းမှထွက်ခွာတော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ။

(အင်တာနက်)



မက္ကဆီကိုတိုက်စစ်မှူး ဘော်ဂတ်ကီ။

အီတလီသို့ပြန်ရန် စိတ်အားသန်နေသော ခရက်စပို။

ချယ်လ်ဆီးရောက် ခရက်စပို စီးရီးအေသို့ပြန်ရန် ဆန္ဒရှိနေ

လန်ဒန် ဇူလိုင် ၂၅

ချယ်လ်ဆီးကစားသမား ဟာနန်ခရက်စပိုသည် အီတလီစီးရီးအေသို့ ပြန်လိုကြောင်း အီတလီ သတင်းစာတစ်စောင်သို့ ပြောကြားခဲ့ပြီးနောက် ချယ်လ်ဆီးက ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

ပါးမား၊ လာဇီယို၊ အင်တာမီလန်နှင့် အေစီမီလန်တို့တွင်ကစားခဲ့သော အဆိုပါကစားသမားသည် အီတလီသို့ပြန်လိုကြောင်း ပြောကြားခဲ့သည်ကို တက်တိုစပုတ်သတင်းစာက ကိုးကားဖော်ပြသည်။

ဆက်ကစားရမည်

၎င်းကစားသမားသည် လာမည့်နှစ်နှစ်အတွက် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊ အီတလီကလပ်အသင်းတစ်ခုခုက ကမ်းလှမ်းလာလင့်ကစား ချယ်လ်ဆီး၌သာ ဆက်ကစားရလိမ့်မည်ဖြစ်ကြောင်း ချယ်လ်ဆီးက ပြောကြားသည်။

ပို၍အရေးကြီး

ခရက်စပိုသည် အီတလီတွင် အိမ်တစ်လုံးပိုင်ဆိုင်သည်။ ချယ်လ်ဆီးသူဌေး အေဘရာမိုဗစ်က ငွေကြေးကိစ္စအတွက်ကြောင့် ပြန်မည်ဆိုပါက အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဟုဆိုသော်လည်း ၎င်းက ငွေကြေးထက် အီတလီသို့ပြန်ရန်က ပို၍အရေးကြီးကြောင်း ပြောကြားခဲ့သည်။

အဆိုပါသူဌေးက မိမိအား အိမ်တစ်လုံး၊ ဂျက်လေယာဉ်တစ်စင်းနှင့် ငွေအလုံအလောက်ပေးမည်ဟု ကမ်းလှမ်းကြောင်း၊ သို့ရာတွင်ငွေကြေးနှင့် အောင်မြင်မှုမှာ သက်ဆိုင်လိမ့်မည်မဟုတ်ကြောင်း ခရက်စပိုက ပြောကြားခဲ့သည်။

(အင်တာနက်)

မန်ယူကိုရောက်သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း အဲဗာတန်မန်နေဂျာအပေါ် ရွန်နေမကျေမနပ်ဖြစ်နေဆဲ

ရေးသားတင်ပြသူ မြင့်မောင်စိုး

လန်ဒန် ဇူလိုင် ၂၅

မန်ယူတိုက်စစ်မှူး ရွန်နေသည် ၂၀၀၄ ခုနှစ်က မန်ချက်စတာယူနိုက်တက်အသင်းနှင့် ပေါင် ၂၇သန်းဖြင့် စာချုပ်ခြင်းမတိုင်မီ အဲဗာတန်အသင်း မန်နေဂျာ ဒေးဗစ်မိုရက်နှင့် စကားများရန်ဖြစ်ခဲ့ကြောင်း ရွန်နေက ထုတ်ဖော်ပြောကြားသည်။

ထိုသို့စကားများရခြင်းမှာအသင်းမန်နေဂျာမိုရက်က မန်ယူသို့ ရွန်နေမပြောင်းမီ နယူးကာဆယ် အသင်း၏ ကမ်းလှမ်းချက်ကို လက်ခံခဲ့၍ဖြစ်ကြောင်း ရွန်နေက ပြောကြားသည်။

မေ့နိုင်မည်မဟုတ်

အဲဗာတန်အသင်းမှ မိမိ ထွက်လာခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း ထိုစဉ်က အဲဗာတန်နည်းပြ ဒေးဗစ်မိုရက်၏ လုပ်ရပ်ကို မိမိမေ့နိုင်လိမ့်မည်မဟုတ်ကြောင်း ရွန်နေက ပြောကြားသည်။

ဆုံးဖြတ်ခဲ့

ထိုကိစ္စနှင့်ပတ်သက်ပြီး ရွန်နေနှင့် မိုရက်တို့သည် လေ့ကျင့်ရေးကွင်း၌ အကြီးအကျယ်စကားများခဲ့ကြသည်။ ယင်းနောက် ရွန်နေသည် အဲဗာတန်မှ လုံးဝမကစားလိုတော့၍ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ရွန်နေက ဆက်လက်ပြောကြားသည်။

ရွန်နေသည် ၂၀၀၂ ခုနှစ်က အဲဗာတန်နှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်က နောက်ဆုံးပွဲသိမ်းချိန်တွင် ရွန်နေ ဂိုးသွင်း၍ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထိုဂိုးသည် ရွန်နေ၏ အသက် ၁၇ နှစ်ပြည့် မွေးနေ့မတိုင်မီ ငါးရက်အလိုတွင် သွင်းခဲ့ခြင်းဖြစ်သည်။ ရွန်နေ ထိုဂိုးသွင်းလိုက်သဖြင့် ပရီမီယာရှစ်တွင် အသက်အငယ်ဆုံး ဂိုးသွင်းသူဖြစ်ခဲ့သည်။

၁၇ ဂိုးသွင်းပေး

၂၀၀၄ခုနှစ် ဩဂုတ်လက မန်ယူသို့ မပြောင်းမီ ရွန်နေသည် အဲဗာတန်အသင်းတွင် ၇၇ ပွဲပါဝင် ကစားရာ ၁၇ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထိုစဉ်က ရွန်နေအား နယူးကာဆယ်က ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် ရွန်နေက အိုထရက်ဖို့ဒ်သို့ ပြောင်းရန်သာ စိတ်ဝင်စားကြောင်း ပြောဆိုခဲ့သည်။

ဤသို့ဖြင့် မန်ယူမန်နေဂျာ ဖာဂူဆန်က ရွန်နေအား စာချုပ်ခေါ်ယူလိုက်ခြင်းဖြစ်သည်ဟုဆိုသည်။ ။

(အင်တာနက်)





ရွန်နေနှင့် အဲဗာတန်နည်းပြတို့ စကားများခဲ့စဉ်က မြင်ကွင်း။

အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်လိုသည်ဆိုသော စတီဗင်ဂျရတ်။

ဘက်ခမ်းကဲ့သို့ အောင်မြင်သည့်အသင်းခေါင်းဆောင်ဖြစ်လို လီဗာပူးကစားသမား စတီဗင်ဂျရတ်ပြောကြား

လန်ဒန် ဇူလိုင် ၂၅

လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်က ဒေးဗစ်ဘက်ခမ်းလို အောင်မြင်သော အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်ချင်ကြောင်း ဝန်ခံပြောကြားသည်။

ဘက်ခမ်းသည် ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပေါ်တူဂီ အသင်းအားရှုံးနိမ့်ပြီးနောက် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်မှ အနားယူခဲ့သည်။ ဂျရတ်သည် အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်လာမည့် ထိပ်တန်းစာရင်းဝင် အားကစားသမားတစ်ဦးဖြစ်သည်။

အသင်းခေါင်းဆောင်ဖြစ်ချင်

မိမိသည် မိမိနိုင်ငံအသင်း၏ အသင်းခေါင်းဆောင်ဖြစ်ချင်ကြောင်း၊ သို့ရာတွင် အသင်းကိုဦးဆောင်နိုင်လောက်အောင်ကောင်းသည့် ကစားသမား ဖြစ်မည်မဟုတ်ဟုထင်ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

နှစ်ပတ်လည် ပဒေသာပင်စိုက်ထူ လှူဒါန်းခြင်း

တနင်္သာရီတိုင်း၊ထားဝယ်မြို့နယ်၊မောင်မယ်ရှောင်ရွာ၊ ရှင်ခတ်ဝဲကျောင်းသစ် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ မထေရ်မြတ် သက်တော်(၈၀)၊သိက္ခာတော်(၆၀)သည်၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်၆ရက်(စနေနေ့)တွင် ပျံလွန်တော်မူခဲ့ပါသည်။ သို့အတွက် နှစ်စဉ်နှစ်တိုင်း ဆရာတော်၏ပျံလွန်တော်မူသည့်နေ့တွင် ဆရာတော်အတွက် အထိမ်းအမှတ် အလှူဒါန ပြုလုပ်နိုင်ရန်အတွက် မောင်မယ်ရှောင်ရွာနေ တပည့်ဒါယကာဖြစ်သူ ဦးပိုသိန်းက ထားဝယ်မြို့ အစိုးရဘဏ်တွင် ထာဝရပဒေသာပင် အလှူငွေကျပ်သိန်း ၃၀ကို စိုက်ထူ၍ လှူဒါန်းပါသည်။

တပည့်ဒါယကာ
ဦးပိုသိန်း
(မောင်မယ်ရှောင်ရွာ)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၂၆-၇-၂၀၀၆ရက်တွင် ကျရောက်သော **မချောစုခိုင်** (သုံးခွမြို့)၏ မွေးနေ့မှာ အမှတ်(၁)ဝိုင်း ဝံသပါလကျောင်း၌ မိဘမဲ့ကလေးများအား ကျွေးမွေးလှူဒါန်းရသော ကုသိုလ်ဒါနနှင့် စိတ်ကျန်းမာရေးဆေးရုံအတွက်လှူဒါန်းရသောကုသိုလ်ဒါနများကြောင့် နောင်နှစ်ပေါင်းများစွာတိုင်၌ အေးချမ်းပျော်ရွှင်အောင်မြင်မှုများရရှိပြီး အသက်ရာကျော်ရှည်ပါစေ။

ဆုမွန်ကောင်းတောင်းလျက်-

သူငယ်ချင်းများ
ဆန်းဝင်းမောင်၊
ဆွေဇင်ဝင်းမောင်၊ နန္ဒာ။

အမည်မှန်

ကျိုင်းတုံမြို့ အထက-၃၊ ဆဋ္ဌမတန်း(B)မှ ဦးစိုင်းပီး-ဒေါ်နန်းတစ်တို့၏သား စိုင်းဆွတ်ဝမ်းပီး၏ အမည်မှန်မှာ စိုင်းဆူးဝမ်း ဖြစ်ပါသည်။

ကျိုင်းတုံမြို့ အထက-၃၊ ဆဋ္ဌမတန်း(A)မှ ဦးစိုင်းဌေး-ဒေါ်နန်းနွမ်းတို့၏သား စိုင်းဆွတ်ဝမ်းထိန်း၏အမည်မှန်မှာ စိုင်းဆူးဝမ်း ဖြစ်ပါသည်။

အမည်ပြောင်း

အဖ ဦးသန့်စင်၏သား မောင်အောင်မျိုးသန့် ၁၄/အဂပ(နိုင်)၁၅၇၂၈၀အား မောင်အောင်မျိုးသန့်စင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်မျိုးသန့်စင်။

ကန့်ကွက်နိုင်ပါသည်

ရွှေပေါက်ကံမြို့သစ်၊ မြေကွက်အမှတ် ၁၂/၉၃၀(အမည်ပေါက်-ဒေါ်အောင်ကြည်ဆင့်)ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲ၊ မြေယာရုံးခွဲ(၅)တွင် မြေချပါမစ်ထုတ်ယူမည်ဖြစ်ပါ၍ ခုနစ်ရက်အတွင်း ကန့်ကွက်လိုက ကန့်ကွက်နိုင်ပါသည်။

မလှဌေး(ခ)မလှလှဌေး
၁၂/ဥကမ(နိုင်)၀၇၄၄၈၀
အမှတ်၁၅/၁၀၅၀၊အောင်ရာဇာလမ်း၊
ရွှေပေါက်ကံမြို့သစ်။

အများသိစေရန်

မိုးကုတ်မြို့၊ ကြက်ပြင်မြို့မရပ်ကွက်၊ ကပ/၁၇၄နေ ဒေါ်အေး(ခ)ဒေါ်အေးအေးမင်း DS-၀၀၉၅၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာလိုက်သည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း(အထက်)၊ အမှတ် ၂၀၀(သုံးထပ်) တိုက်ခန်းနေ ဒေါ်ဌေးဌေးမင်း(ကွယ်လွန်)ကျန်ရစ်သော တိုက်ခန်းအတွင်းပစ္စည်း၊ ရွှေငွေရတနာများနှင့် ဒေါ်ဌေးဌေးမင်း ပိုင်ဆိုင်သော အရပ်ရပ်ဆိုင်ရာပစ္စည်းများအား ဒေါ်ဌေးဌေးမင်း၏ အစ်မအရင်းဖြစ်သူ ဒေါ်အေး(ခ)ဒေါ်အေးအေးမင်း၏ သဘောတူ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းငှားရမ်း၊ ရောင်းချပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်းနှင့် အမည်ပြောင်းခြင်းမပြုလုပ်ရန် တားမြစ်ကြေညာလိုက်သည်။ အကယ်၍ ဒေါ်အေး(ခ)ဒေါ်အေးအေးမင်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ ဒေါ်ဌေးဌေးမင်းပိုင်ပစ္စည်းများအား လွှဲပြောင်းငှားရမ်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်းနှင့် အမည်ပြောင်းမှုပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

ဒေါ်အေး(ခ)ဒေါ်အေးအေးမင်း၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးတင်ယု (ဆကာကြီး)	**ဒေါ်ခိုင်မေလှိုင် (L.L.B)**
စဥ်-၈၂၉၃	**စဥ်-၂၄၄၂၆**
အထက်တန်းရှေ့နေကြီး	**အထက်တန်းရှေ့နေ**

အမှတ် ၁၉/၄၃၊ ဗိုလ်ဆွန်ပက်(အောက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၀၁၄။



ထောက်ပံ့ငွေပေးအပ်

ဇူလိုင် ၁၅ရက်က ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည်အစည်းအဝေးကို ရပ်ကွက်ရုံးခွဲ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူက မျက်စိခွဲစိတ်ကုသမှုခံယူမည့် ဦးလှရှိန်အား ထောက်ပံ့ငွေများပေးအပ်စဉ်။

(က-ပ)

မိုင်းယန်းမြို့နယ်၌ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေး

မိုင်းယန်း ဇူလိုင် ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အိမ်ဆိုင်များတွင် ရောင်းချလျက်ရှိသော အိုင်အိုဒင်းဆားများအရည်အသွေးမီမမီနှင့် အိုင်အိုဒင်းဆားပါဝင်မှု စံနှုန်းများကို လိုက်လံစစ်ဆေးကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် ရွှေစင်ရွှေပြားကပ်လှူရန်နှင့် မသိုးသင်္ကန်း ကပ်လှူပူဇော်ရန်အတွက် ကမာရွတ်မြို့နယ် ၉ရပ်ကွက် သထုံလမ်း အမှတ် ၄/၄နေ ဒေါ်စောခင်အေး မိသားစုက အလှူတော်ငွေကျပ် ၁၁၆၈၀၀ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)တို့ထံ အလှူငွေပေးအပ်လှူဒါန်းစဉ်။

(က-ပ)

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းနှင်းမိ ပဲခွယ်ကုန်းမြို့၌အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၂၅

အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇူလိုင်၂၄ရက် ည ၇နာရီခွဲခန့်တွင် ပဲခူးတိုင်း ပဲခွယ်ကုန်းမြို့ သတိပဋ္ဌာန် ရပ်ကွက် အမှတ်၁လမ်းရှိ ကမ္ဘာသစ်လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးမြင့်ကြည်၏ဇနီး မသဇင်နွယ် အသက်၃၂နှစ်သည် လက်ဖက်ရည်ဆိုင် အဝင်လမ်းဘေး၌ လက်သုတ်ပဝါများ လျှော်ဖွပ်ရန်သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် မသဇင်နွယ်၏ ဘယ်ဘက်ခြေထောက်ခြေချင်းဝတ်မှ ပြတ်သွားပြီး ညာဘက်ခြေမျက်စိကွဲသည့်ဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသည့် မသဇင်နွယ်အား သက်ဆိုင်ရာ တာဝန်ရှိသူများက ပဲခွယ်ကုန်းမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ညောင်ရိုပ်သာတရားစခန်းနှင့်မွေးနေ့အလှူ

ရန်ကုန် ဇူလိုင် ၂၅

သာကေတမြို့နယ် ၁၀တောင်ရပ်ကွက် ၁၀၈တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိုပ်သာတရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ (ကာယာနုပဿနာနှင့် ဓာတုမနသိကာရ) နည်းအရ အရှင်ကေသရာဘိဝံသ ဆရာတော်က မေတ္တာအခါတော်(ဝါခေါင်လဆန်း ၁၀ရက်) ကြာသပတေးနေ့မှစ၍ (လပြည့်ကျော် ၁ရက်)အထိ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းကို ဟောပြောပြသမည်ဖြစ်သည်။ ထို့ပြင် ဆရာတော်၏ (၅၉)နှစ်မြောက်မွေးနေ့အလှူတော်ကို ပင့်သံဃာအပါး ၆၀ကျော်တို့အား ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် စသောပဒေသာပင်များနှင့်အတူ စာရေးတံမဲအလှူဖြင့်(လပြည့်ကျော် ၁ရက်) ဗုဒ္ဓဟူးနေ့နံနက်တွင် မေတ္တာအခါတော် တရားစခန်းသိမ်းအောင်ပွဲနှင့်အတူ ပူဇော်မည်ဖြစ်၍ ဖုန်း-၅၄၇၀၂၅သို့ ဆက်သွယ်ပါဝင်နိုင်ကြောင်း သိရသည်။

(က-ပ)

Ruby Dragon Companies
နေရာသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Ruby Dragon ကုမ္ပဏီများ၏ ယခင်ဖွင့်လှစ်ထားရှိသော **အမှတ် ၆ရ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့** မှ **အမှတ် ၃၉(အေ)၊ ခုနစ်မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှာ ၆၆၀၃၁၂၊ ၆၅၂၆၆၂၊ ၆၅၂၇၄၉၊ Fax ၆၅၂၇၉၃ ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂၅

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့အဝင်ရှိ အမျိုးသမီးရေးရာ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၌ ဇူလိုင်၈ရက်က ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချိုချိုသန်းနှင့်အလုပ်အမှုဆောင်များ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြပြီး အမျိုးသမီးရေးရာအဖွဲ့၏ ခြံစည်ရိုးကြက်ဆူစိုက်ခင်း ၁၀ ဧကတွင် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အလျှုရှင်စက်ရေတွင်း ကျောက်ပန်းတောင်း၌ဖွင့်

ကျောက်ပန်းတောင်း ဇူလိုင် ၇

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်သော အလှူရှင် စက်ရေတွင်းဖွင့်ပွဲကို ဇွန် ၃၀ရက် နံနက် ၁၀ နာရီက ရွာလုကျေးရွာအုပ်စု ပေါက်သစ်ကျေးရွာရှိ အဆိုပါစက်ရေတွင်း သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ် နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဗိုလ်မှူးကြီးဖေယျကျော်ထင်ထွန်းအောင် (ငြိမ်း)က စက်ရေတွင်းလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စက်ရေတွင်း၊ရေတင်စက်၊ရေလှောင်ကန်နှင့်ပတ်သက်သော စာရွက်စာတမ်းများကိုအလှူရှင်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံ ပေးအပ်သည်။

ယင်းနောက် စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဌေးဝင်း၊အလှူရှင်ဗိုလ်မှူးကြီး ဖေယျကျော်ထင်ထွန်းအောင်(ငြိမ်း)နှင့် ပွဲစားကြီး ဦးအောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာပြည်သူများအား သောက်သုံးရေ စတင်ဖြန့်ဝေပေးသည်။ အဆိုပါစက်ရေတွင်းသည် အနက်ပေ၃၄၀ရှိ၍တစ်နာရီလျှင် ရေဂါလန်၁၂၀၀ထွက်ရှိပြီးစုစုပေါင်းငွေကျပ်သိန်း၇၀ဖြင့်အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီး အတွင်းအပြင် သန့်ရှင်းရေးနှင့် ရေမြောင်းများ ဆယ်ယူခြင်းလုပ်ငန်းကို ဇူလိုင် ၁၁ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်၊ ဦးစီးအရာရှိ ဦးတင်မြင့်၊ ဒုတိယဦးစီးမှူး(ဈေး)ဦးသန်းမြင့်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

ပဲခူးတိုင်း အခွန်ဦးစီးဌာနက ကြီးမှူးကျင်းပသော အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဇူလိုင်၁၈ ရက်ကကျောက်တံခါးမြို့အားကစားခန်းမ၌ကျင်းပရာ ပဲခူးခရိုင် အခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက အခွန်နှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်း ဆွေးနွေးစဉ်။
(မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်း ဝယ် မှု တိုက် ဖျက်ရေးနေ့ အ ထိမ်း အ မှတ် အဖြစ် မကွေးမြို့ မြို့တော်ခန်းမ၌ ခင်းကျင်းပြသထားသော ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန၏ နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို ဇွန်၂၆ရက်က မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ ကြည့်ရှုအားပေးစဉ်။
(ခရိုင် ပြန်/ဆက်)

လျာထားချက်ကျော်လွန်စွာ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီး မိုးနဲမြို့၌ အပင်များကြီးထွားစေရန် နွားချေးမြေသြဇာအသုံးပြု

မိုးနဲ ဇူလိုင် ၁၀

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းသည် ဇူလိုင် ၅ ရက် နံနက်၁၀နာရီက မိုးနဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ အား တွေ့ဆုံပြီး မိုးနဲမြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များကို ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက လျာထားချက် ပြည့်မီကျော်လွန်စွာ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းသည် နမ့်စန်-မိုးနဲ ကားလမ်း၊ မိုးနဲမြို့အဝင် ဌာနဆိုင်ရာများ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့်လူမှုရေးအသင်းအဖွဲ့များ၏ သုံးပေအထက် ခြံစည်းရိုး ကြက်ဆူပင်များနှင့် ယခင်စိုက်ပျိုးခဲ့သည့်အပင်ငယ်များအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းသည် အဆိုပါ ခြံစည်းရိုးကြက်ဆူပင်များ ပိုမိုကြီးထွားရှင်သန်စေရန်အတွက် ရပ်ကွက်၊ ကျေးရွာများနှင့် ဌာနဆိုင်ရာများ မိမိတို့စိုက်ခင်း၏ မျက်နှာစာနေရာများတွင် နွားချေးမြေသြဇာများနှင့် အီးအမ်ဘိုကာရှိ အပုံများ ပြုလုပ်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၃ရက်
၂၇-၇-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅	သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာ ပြန်ကြားလွှာ)
၁၁း၃၅	စာအုပ်စာပေလူ့မိတ်ဆွေ (၁) မော်မြင်စဉ်းစား ပညာစကား (ဆရာဦးသိန်းလွင်) (၂) တရားယောင်ယောင် ဟန်ဆောင်တတ်သော သူတော်ယောင်ယောင် တရားများ (ဦးကျော်ဖေယျ)
၁၂း၀၀	သိပ္ပံပညာသိကောင်းစရာ (အိုခြင်းတရားနှင့် သိပ္ပံအမြင်-ဒုတိယပိုင်း-မောင်ဆုရှင်)
၁၂း၃၀	ခံတွင်းမြိန်စရာ သူ့လက်ရာ (Hot Pot ပူပူလေး သောက်ကြမယ်)

ညနေပိုင်း

၁၆း၃၀	နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၁၅	သုတကမ္ဘာ
၁၈း၂၅	သံစဉ်တေးသွား မေတ္တာစကား (၁) အိပ်ပျော်အောင် အိပ်ချင်တယ် (၂) မျက်လုံးဖွင့်ပြီး အိပ်ကြည့်ပါ
၁၈း၄၅	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English
၁၉း၁၅	ဇာတ်လမ်းပမာနားဆင်စရာ (အမေ့ရဲ့ အမျှဝေသံ)
၁၉း၄၀	ဟန်မျိုးစုံညီတေးကိုသီ (သံသရာခရီးသည်)
၂၀း၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ကိုယ့်အထင် (၂) သံယောဇဉ် (၃) အချစ်ဦးမောင့်ထံပြန်လာပါ

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဇူလိုင်၁၀ရက်က ကမ်းနားဈေး ပျံကျဈေးတန်းတွင်ကျန်းမာရေးနှင့် ညီညွတ်စွာ ရောင်းချမှုရှိ မရှိ လိုက်လံ စစ်ဆေးစဉ်။
(မြို့နယ် စည်ပင်)

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ထပ်ဆင့်ရှင်းလင်း

ညောင်တုန်း ဇူလိုင် ၂၂

၂၀၀၆ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ မြို့နယ်အဆင့် ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင်၁၅ ရက်က ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမတွင်ကျင်းပရာ မြို့နယ် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ အခြေခံ ပညာကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ညောင်တုန်းမြို့နယ် ပညာရေးမှူး ဦးစိုးဝင်းသန်းက အမျိုးသား ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

(အောက်ပုံ)

ထို့နောက် အခြေခံပညာကဏ္ဍ မြန်မာနှင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်း မာတိကာများနှင့် နှိုင်းယှဉ်ချက်စာတမ်းကို ဦးစိန်ကြည်ဦးက လည်းကောင်း၊ အခြေခံပညာကဏ္ဍ နှစ်ရှည် စီမံကိန်းအကောင်အထည်ဖော်မှု အစီရင်ခံစာနှင့် သင်ရိုးမာတိကာများ လေ့လာဆန်းစစ်ချက် စာတမ်းကို ဒေါ်ခင်ဝင်းကလည်းကောင်း၊ သင်ရိုးမာတိကာနှင့် စစ်ဆေးတိုင်းတာမှုစနစ် ပြုပြင်ပြောင်းလဲမှုများနှင့် သင်ရိုးမာတိကာများ လေ့လာဆန်းစစ်ချက်မှတ်တမ်းကို ဒေါ်ခင်ဝင်းရီက လည်းကောင်း၊ အခန်း(၁)မှ အခန်း(၆) အထိကို မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်း ကလည်းကောင်း၊ လုပ်ငန်းစဉ်(၁)မှ (၁၀)အထိကို ဒေါ်မြင့်မြင့်သိန်း၊ ဦးအောင်နိုင်ဦး၊ ဦးတင်အောင်၊ ဦးတင်ဝင်းအေး၊ ဦးဝင်းဇော်၊ ဦးဇော်ဝင်း၊ ဦးအေးသိန်း၊ ဦးမင်းအောင်၊ ဒေါ်ချိုချိုဝေ၊ဦးသိန်းနိုင်၊ဒေါ်ခင်နွဲ့ဝင်း၊ ဒေါ်ချိုချိုဝင်းတို့ကလည်းကောင်း၊ အစီရင်ခံစာ၊ သုံးသပ်ချက်၊ ရှေ့လုပ်ငန်းစဉ်များကို ဒေါ်စန်းဌေးက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ **(ဝ၉၈)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းပြိုင်

မြောင်းမြ ဇူလိုင် ၉

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်(နဝမအကြိမ်)တိုင်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဇွန် ၂၇ ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း မြောင်းမြခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး မြရွှေဝါခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အဆင့်လေးဆင့်သတ်မှတ်ထားရှိပြီး မြောင်းမြခရိုင် အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ လပွတ္တာ၊ ဝါးခယ်မနှင့် မော်လမြိုင်ကျွန်း မြို့နယ်များမှ ပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းသား ကျောင်းသူ ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသို့ တိုင်းအဆင့်ပန်းချီ၊ ကာတွန်း၊ပိုစတာပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးသူနှင့် အဖွဲ့ဝင်များကြည့်ရှုအားပေးကြသည်။

(က-ပ)

ရေလျှံကွင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ မြစ်ကြီးနားၗ ကျင်းပ

မြစ်ကြီးနား ဇူလိုင် ၂၀

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရေလျှံကွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဇူလိုင်၁၂ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာ အုပ်စု ပလန(၄) ယုဇနမြိုင်ကျေးရွာရှိ ရေလျှံကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအယ်တူးရိန်က ငါးမျိုးစိုက်ထည့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ငါးမျိုးစိုက်ထည့်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေနှင့် တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေလျှံကွင်းအတွင်း၌ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးမျိုး စုစုပေါင်းနှစ်သိန်းငါးသောင်းကို ငါးမျိုးထည့်ပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် နီလာ(၂)လမ်း အမှတ်၄၁၂နေ ဖခင်ဦးကြံရ၊ မိခင်ဒေါ်တင်ဦး တို့အား ရည်စူး၍ ဦးတင်ညွှန့်-ဒေါ်ရင်မေ မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့

တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်များစုဆောင်း

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဈေးချောင်းလမ်း ကတ္တရာခင်းရန် ကျောက်များ စုဆောင်းထားရှိမှုကို ဇူလိုင် ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစတင့်ဝေ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသမီးရေးရာအဖွဲ့ သိကောင်းစရာများဆွေးနွေး စာစီစာကုံးပြိုင်ပွဲဆုရသူများတီးတိန်၌ ဆုချီးမြှင့်

တီးတိန် ဇူလိုင် ၁၀

ချင်းပြည်နယ် တီးတိန်မြို့တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင်၃ရက် နံနက်၉နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တီးတိန်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာက အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများနှင့် ၂၀၀၆ ခုနှစ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဆောင်ရွက်မှုများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင်ဒေါ်ဥမ္မာဆွေက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမျိုးသမီးများနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူများအား ဆုများချီးမြှင့်ရာ အလွတ်တန်းအဆင့် ပထမဆုရ မဒိုဆွန်းမန်း၊ ဒုတိယဆုရ မရွှေဇမ်းညောင်၊ တတိယဆုရ မနိန်ခန့်ဟောက်တို့အား ဒေါ်စုသက်ဦးက လည်းကောင်း၊ အထက်တန်းအဆင့်မှ ပထမဆုရ မကျိန်ဇန်းကွမ်၊ ဒုတိယဆုရ မဉာဏ်ရှန်းနွမ်၊ တတိယဆုရ မဂိုခန့်ကျင့်တို့အားမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာကလည်းကောင်း၊ အလယ်တန်းအဆင့်မှပထမဆုရ မထွန်းသီရိဆွေ၊ဒုတိယဆုရ မကျိန်ဟွေ့စန်းလျန်းတို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်လွမ်းလမ်းစုန်တို့က လည်းကောင်း ဆုများချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်

တာချီလိတ် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ စုပေါင်း၍ အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ဇွန်၁၉ရက် ညနေ ၄ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်အေးကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)** အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆုချီးမြှင့်

ညောင်လေးပင်မြို့နယ်မဒေါက်မြို့ ၂၀၀၆ခုနှစ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၈ရက်က ရွှေကျင်မြို့နယ် မီတာ၄၀၀ အားကစားကွင်း၌ ကျင်းပရာ ပထမဆုရ မြို့မ(၂) လူငယ်အသင်းအား ရပ်ကွက်ဥက္ကဋ္ဌဦးပန်းကြိုင် ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကွင်းဆင်းကြီးကြပ်

မော်ဘီမြို့မဈေးအတွင်း သန့်ရှင်းလတ်ဆတ်သော သားငါးများကို ယင်လုံဆန်ခါဖြင့် ရောင်းချရေးနှင့် အသားများ အလေးချိန်ခွင်မှန်ကန်စွာ ရောင်းချရေးအတွက် ဇူလိုင် ၃ရက်က ဦးစီးအရာရှိဒေါ်ထွေးရီနှင့် ဈေးအဖွဲ့ဝန်ထမ်းများ၊ စည်းကမ်းထိန်းအဖွဲ့များနှင့်အတူ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြေးပိဋကတ်တော်ပြုလုပ်ရန်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

မြတ်ဗုဒ္ဓ၏ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင်ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းရန် ဝိနည်းပိဋကတ်ဝင်စူဠဝါပါဠိတော်စာအုပ်အတွက် ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံသို့ဖခင် ဦးမြင့်သိန်းအားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင်(၁၅)လမ်းအမှတ်(၁၂၀၂/A)နေမိခင်ကြီးဒေါ်ရီ၊ သမီးမညို၊ မစုလှိုင်နှင်း(ရပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်) မိသားစု၊ လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ်(၁၀၇)နေဦးရွှေဝင်း-ဒေါ်မြစိန်၊ သားဒေါက်တာဌေးလွင်၊ ကိုခင်မောင်လွင်၊ ဒေါက်တာဝင်းလွင်သားသမီး မြေးတစ်စု၊ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းအမှတ်(၁၇၁)မှအောင်သန်းစိုးကုမ္ပဏီ၊ ဒဂုံမြို့နယ်ဦးဝိစာရ အိမ်ရာနေ ကိုဖိုးလ-မသန္တာ၁၊ သာကေတမြို့နယ်(၇)ရပ်ကွက် ခိုင်ရွှေဝါလမ်းခြံအမှတ် (၇၅၃)နေဦးထွန်းရီ-ဒေါ်လှကြည်၊ တောင်ဥက္ကလာပမြို့နယ် သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်းမ ခြံအမှတ်(၂၃)နေ ဦးကျော်အေးမောင်(ဒေါ်အေးမြ) မိသားစု၊ ဦးအောင်ထွေး-ဒေါ်စန်းစန်းမြင့်၊ သမီး မနုလှိုင်ဝင်း၊ မိဘများအား အမှူးထား၍ မနုလှိုင်ဝင်းတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များသည် ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ်၁၈၀၀၀ဖြင့် ဦးဆောင် ဆရာတော်ဘဒ္ဒန္တဉာဏနှင့် ကြေးပိဋကတ်ပြုလုပ်လှူဒါန်းရေးအဖွဲ့ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ထန်းတပင်မြို့မဈေး၌ အလေးချိန်ခွင်မှန်ရေးစစ်ဆေး

ထန်းတပင် ဇူလိုင် ၁၈

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အသားရောင်းချနေသူများ သန့်ရှင်းလတ်ဆတ်မှုနှင့် အလေးချိန်ခွင်မှန်ကန်မှုရှိစေရေးအတွက် ဇူလိုင်၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဈေးခေါင်း ဦးကျော်ကျော်မောင်က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ငါးမျိုးပြန့်ပွားတိုးမှုကို ကာကွယ်ရန်အတွက် ငါးရစ်၊ ငါးသန် ကာကွယ်ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ဇွန် ၁၅ရက်က သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးလှမင်းဇော်နှင့် ဝန်ထမ်းများ ဝါခရူမြစ်အတွင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်ငါးဦးစီး)

မူကြိုကလေးများအတွက် မအူပင်မြို့၌ စာအုပ်နှင့်ခဲတံလှူဒါန်း

မအူပင် ဇူလိုင် ၁၀

မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မူကြိုကလေးငယ် ၃၇ဦးအား ဂျုံဖြင့်ပြုလုပ်သော ကြက်ဥပလာတာအာဟာရ တစ်နှစ်ပတ်လုံး နေ့စဉ် ကျွေးမွေးလျက်ရှိရာ ဇွန် ၂၃ရက်က မအူပင်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ပြာဝင်းတို့က ကြည့်ရှုအားပေးကြသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်တင်ဦးနှင့်အဖွဲ့က ဆေးရောင်ခြယ်စာအုပ်များနှင့် ရောင်စုံခဲတံဘူးများကို မူကြိုကလေးငယ်များအတွက် ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမည်ပြောင်း

တာချီလိတ်မြို့နယ် မိုင်းဖုံး(က) အုပ်စု ဖက်ဟိကျေးရွာနေ အဖဦးဆန်မူး၏သမီး မနန်းတစ်၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ မအီတစ်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **မအီတစ်။**

အမည်ပြောင်း

ဦးကျော်နိုင်ဦး၏သမီး အထက သဲတောဝမ်းတွင်း တက္ကသိုလ်ဝင်တန်း(A)မှ မအိသီရိတင် ၉/ဝတန(နိုင်)၁၄၅၇၆၆ အား ယနေ့မှစ၍ မအိသီရိကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိသီရိကျော်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မျိုးသူအောင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမှုရင်း ၁၀/မလမ(နိုင်)၁၀၅၇၁၇ မှာ ၁၈-၇-၂၀၀၆ ရက်တွင် တောင်ဒဂုံကညနရုံး၌ ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အောက်ပါ ဖုန်းနံပတ်သို့ ဆက်သွယ်ပေးပါ။ ကျေးဇူးဆပ်ပါမည်။ **ကိုမျိုးသူအောင်**
ဖုန်း-၀၉ ၅၁၀၀၆၇၆၊ ၀၉ ၅၁၀၀၆၇၄၊ ၃၈၅၆၇၂။

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၆၆)
စစ်ကိုင်းတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၂၅

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးခင်မောင်ဝင်း
စစ်ကိုင်းမြို့။ ၂။ ဒေါ်စန်းစန်းနွဲ့
တရားနိုင် တရားရှုံး

စစ်ကိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် - ၆၂/၂၀၀၃တွင် ကျရောက်သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းများကို ၂၀၀၆ခုနှစ် စက်တင်ဘာလ ၈ရက်နေ့(မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ရက်နေ့) နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်၊ ကွင်း/အကွက်အမှတ်(၇၉၇)၊ ရွာထောင့်၊ ဦးပိုင်အမှတ်(ဃ/၇၁နှင့်ဃ/၇၃)၊ ဧရိယာ ၀ဒသမ ၁၁၂ဧကရှိ ဂရန်မြေနှင့် ယင်းမြေကွက်များပေါ်ရှိ ၂၆ပေ၊ ၉လက်မ x ၃၁ပေ၊ ပေ၂၀၊ အမြင့်သွပ်မိုး အုတ်နံကပ် နှစ်ထပ်လူနေအိမ်နှင့် ကျန်အဆောက်အအုံများအားလုံး၊ ငယ်တိုးရွာကြောင်နှစ်ရာရပ်နှင့် ကိုယ်ရံတော်ရပ်ကွက်ရှိစက်ရုံများတွင် တပ်ဆင်ထားသော စက်ပစ္စည်းများအားလုံးနှင့် လုပ်ငန်းသုံးပစ္စည်းများအားလုံး။

(အထက်ပါပစ္စည်းများ၏ လေလံတင်ကြမ်းခင်းဈေးမှာ ကျပ်သိန်း ၈၀ တိတိ ဖြစ်သည်။)

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်များမှာ လျှောက်ထားသူက တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံတင်ဆွဲဝယ်သူအား ငွေကျပ် ၁၀၀ိ/-လျှင် ၂၅ိ/-ကို လေလံဆွဲဝယ်သည်နှင့် တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။
၄။ လေလံကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့တွင် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။ အထက်ပါအတိုင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသိန်း
တွဲဖက်တိုင်းတရားသူကြီး
စစ်ကိုင်းတိုင်းတရားရုံး။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၇၆၂၈ Hengim 1:°mc ယာဉ် လက်ဝယ်ရှိသူအမည် ဦးမိုးကျော် မှတ်ပုံတင်အမှတ် ၉/မတရ(နိုင်) ၁၀၆၈၁၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန ၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၄၉၀၀ Loncin MC ယာဉ် လက်ဝယ်ရှိသူအမည် ဦးမင်းလွင် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၉၂၄၃၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန ၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၃၈၃(အမ်)

၁။ ဦးစိုးအောင်
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ ဒေါ်ဇင်သက်မာ
မိတ္ထီလာမြို့။ ၃။ ဒေါ်မြင့်မြင့်ကြည်
တရားနိုင် တရားရှုံး

၂၀၀၂ ခုနှစ်တရားမကြီးမှုအမှတ် - ၁၅၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့(မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၂ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊အကွက်အမှတ်(၄/ဆိုင်တန်း)၊ ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ် (၉) မြေချိန်ဧရိယာ ၀ဒသမ ၀၃၂ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ (၄၅ x ၄၀) ပေရှိ လူနေသုံးထပ်တိုက်ပုံနှိပ်စက်လုပ်ငန်းရှိ စက်ပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေး - ကျပ်သိန်း (၁၀၀၀)

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၅၃၄၂ °Yamaha V 50 T ယာဉ် လက်ဝယ်ရှိသူအမည် ဦးလှနိုင်ဝင်း မှတ်ပုံတင်အမှတ် ၅/ရဘန(နိုင်)၁၄၉၉၃၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန ၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **သက်စိုးအောင်**
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်း၊ တရားရုံး။

တောင်ကြီးအထက(၄) ဝါဆိုသင်္ကန်းဆက်ကပ်

တောင်ကြီး ဇူလိုင် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ကျောင်းဓမ္မာရုံအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်၈ရက် နံနက် ၇နာရီက အဆိုပါကျောင်းဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းပြီး ပရိတ်တရားတော်များနာယူကာ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျောင်းဓမ္မာရုံအတွက် ငွေလှူဒါန်းပွဲကိုကျင်းပရာ မူလဓမ္မာရုံအလှူရှင် ပြည်နယ်ပညာရေးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ဥမ္မာခိုင်က မိဘနှစ်ပါးဖြစ်ကြသော ဦးထယ်-ဒေါ်ငွေရှင်တို့အား ရည်စူး၍ ဓမ္မာရုံတိုးချဲ့ရန် အလှူတော် ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဦးညိုလုံးက လက်ခံယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေပေးကြသည်။
(ပြည်နယ် ပညာရေး)

အင်းစိန်မြို့နယ် မြို့သစ် (က+ခ) ရပ်ကွက် ၃ လမ်း အမှတ် (၉၃) ဘုရင့်နောင်ရိပ်သာနေ ဦးသိန်းခိုင်-ဒေါ်ခင်ခင်ဝင်း မိသားစုက မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို အင်းစိန်မြို့နယ် မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့်အတွင်းရေးမှူး ဦးကျော်သန့်တို့က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရေဦးမြို့နယ် ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့ကြေးငွေပေးအပ်

ရေဦး ဇူလိုင် ၂၃

၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ် ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇူလိုင် ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသူ ကျောင်းသား ၅၇ဦးတို့အား ထောက်ပံ့ကြေးငွေ ကျပ်လေးသိန်းနှစ်သောင်းကို ပေးအပ်ချီးမြှင့်ကြသည်။ **(၃၇၈)**

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ် မြို့တွင်းလမ်းများ လမ်းဘေးဝဲယာ ပလက်ဖောင်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၁၀ရက်က အမှုဆောင်အရာရှိ ဦးဆက်ထွန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် (၈၈)ရပ်ကွက် ငွေစင်ရော်လမ်း အမှတ်၁၀၄၄(က)နေ နှစ်ဖက်မိဘများအမှူးထား၍ ဦးအောင်ဝင်း-ဒေါ်နှင်းရီ(ဆင်သုံးကောင်စတိုး) မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ဒေဝီခင် လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က-ပ)

ရေနုတ်မြောင်းများ စုပေါင်းတူးဖော်

သာပေါင်း ဇူလိုင် ၂၁

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာ ကောင်းမွန်ရေးအတွက် အဖွဲ့ပိုင်ဈေးတွင် ရေနုတ်မြောင်းများ တူးဖော်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ရာသို့ ဇူလိုင် ၁၈ ရက်က အမှုဆောင်အရာရှိ ဦးအောင်သူဝင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပကော်မရှင်အဖွဲ့ရုံး သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင်အဖွဲ့ရုံး သံအမတ်ကြီး H.E. Mr. Friedrich Hamburger အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ✡

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၂၅

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် စင်တီမီတာ ၁၁၁၀ သို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့၏ စေတနာမှန်ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ သိမြင်ယုံကြည် God Army သောင်းကျန်းသူအဖွဲ့မှ ခေါင်းဆောင် ဂျော်နီတူး ဦးစီး ၁၀ ဦး လက်နက်ငယ်ငါးလက်၊ လက်ပစ်ဗုံးတစ်လုံးတို့နှင့်အတူ လက်နက်ချ အလင်းဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၅

တစ်ဖက်နိုင်ငံ နယ်စပ်တွင်အခြေပြုသည့် တမန်တော်တပ်ဖွဲ့(God Army) သောင်းကျန်းသူအဖွဲ့မှ ခေါင်းဆောင် ဂျော်နီတူး ဦးစီးအဖွဲ့ဝင် ကိုးဦးသည် အခြားသောင်းကျန်းသူများ၏ အနိုင်ကျင့်အကျပ်ကိုင်မှုကို မခံလိုခြင်း၊ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့၏ စေတနာမှန်ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို သိမြင်ယုံကြည်လာခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး မိမိနိုင်ငံအတွင်း မိသားစုဆွေမျိုးသားချင်းများနှင့် အတူတကွ အေးချမ်းစွာနေထိုင်၍ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လိုသည့်အတွက် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေရှိ မိမိတပ်မတော်တပ်စခန်းသို့ အေကေ–၄၇ မောင်းပြန် ရိုင်ဖယ်နှစ်လက်၊ ကျည်ကတ်နှစ်ခု၊ ၎င်းကျည်တောင့် ၆၀ နှင့် အေအာရ်–၁၅ တစ်လက်တို့ဖြင့် လည်းကောင်း၊ ၎င်းအဖွဲ့မှ တပ်သားစောရှိုးသည် ဇူလိုင် ၁၉ ရက် နံနက် ၄ နာရီတွင် အမ်–၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ၎င်းကျည်တောင့် ၄၀၊ ကာဘိုင်သေနတ်တစ်လက်၊

စာမျက်နှာ ၁၁ ကော်လံ ၄ ■

လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန်မှတစ်ပါး ရွေးချယ်စရာလမ်းမရှိ

မိမိဒေသနှင့် မိမိလူမျိုး၏ အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင် ပါဝင်အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့၏ ရည်မှန်းချက်၊ ယုံကြည်ချက်ဖြစ်သည့် ရှမ်းပြည်နယ်လူထုနှင့် ရှမ်းပြည်နယ်ကောင်းစားရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်သည်ကိုလည်း ဦးမိန်းစင်နှင့်အဖွဲ့သည် မျက်ဝါးထင်ထင် မြင်နေရသော ပတ်ဝန်းကျင် အခြေအနေအရပ်ရပ်အရ မှန်ကန်ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်နိုင်ခဲ့ကြသည်။ လက်နက်ကိုင်လမ်းစဉ်၏ အနိဋ္ဌာရုံတရားများ၊ ခါးသီးကြမ်းတမ်းရက်စက်သော အတွေ့အကြုံများသည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန်မှတစ်ပါး အခြားသော ရွေးချယ်စရာလမ်း မရှိသည်ကို အခိုင်အမာနားလည် သိမြင်လာခဲ့ကြသည်။

ကေတုနီလာ၏ အဖြူကို အနက်ဆိုးသူများအား ဆန့်ကျင်ဖယ်ရှားချေမှုန်းကြပါစို့ ဆောင်းပါး (စာ ၈ နှင့် ၉)တွင် ဖတ်ရှုနိုင်